မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၂၀၂၅ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ် (၂၁၉)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့သို့ ရောက်ရှိ

နေပြည်တော် မေ ၁၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုဗာစီဗစ်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်သို့ ရောက်ရှိကြရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

ယနေ့ ဖတ်စရာ

အကျိုးစီးပွားချင်းထပ် ကောင်းမြတ်ခဲ့ပြီ ဆောင်းပါး စာ ၆

ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် ညောင်ရေသွန်းပွဲတော် ဆောင်းပါး စာ ၁၀

လျှပ်ဒဏ်ကြောင့် ငါးလုပ်ငန်းမွေးမြူရေးနှင့် ထုတ်လုပ်ရေးအပေါ် အကျိုးသက်ရောက်မှု ဆောင်းပါး စာ ၁၆

မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှင့် မျက်မှောက်ကမ္ဘာ အခင်းအကျင်းသစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ (V-Day) သည် ရုရှားနိုင်ငံနှင့် ပြည်သူများ လွန်စွာတန်ဖိုးထားကြသည့် အရေးကြီးဆုံးသောနေ့ဖြစ်သည်။

ဒုတိယကမ္ဘာစစ်သည် လူ့သမိုင်းတွင်အကြီးမားဆုံးသော စစ်ပွဲကြီးဖြစ်ပြီး စစ်အတွင်း ကမ္ဘာတစ်ဝန်းမှ လူသန်းပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသလို လူသန်းပေါင်းများစွာတို့ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ လူ့သမိုင်း၏ အဆိုးရွားဆုံးသော စစ်ပွဲသည် ၁၉၃၉ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် နာဇီဂျာမနီက ပိုလန်ကို ကျူးကျော်သိမ်းပိုက်ရာမှ စတင်ခဲ့ပြီး ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်တွင် နာဇီတို့၏ ကျူးကျော်စစ်က ဘာဘာရော့ဆာစစ်ဆင်ရေး အမည်ဖြင့် ဆိုဗီယက်ပြည်ထောင်စုထဲသို့ ဝင်ရောက်လာသည်။ နာဇီဂျာမနီ၏ လွှမ်းစွာလျင်မြန်လှသော တိုက်စစ်အဟုန်ကြောင့် ဆိုဗီယက်ပြည်ထောင်စုကြီး၏ နယ်မြေများအပြား လက်လွှတ်ဆုံးရှုံးခဲ့ရသော်လည်း ၁၉၄၂ နှင့် ၁၉၄၃ ခုနှစ်အတွင်း စတာလင်ဂရက်တိုက်ပွဲများတွင် အပြင်းအထန်တိုက်ခိုက်မှုများနှင့်အတူ စစ်ရေးအားဖြင့်လည်း အလှည့်အပြောင်းဖြစ်ခဲ့ပြီး နာဇီဂျာမနီတို့ ဆိုဗီယက်တပ်နီတော်ထံတွင် လက်နက်ချ အညံ့ခံခဲ့ကြရသည်။

ယင်းအလှည့်အပြောင်းသည် ဒုတိယကမ္ဘာစစ်၏ အလှည့်အပြောင်းပင်ဖြစ်ပြီး နာဇီဂျာမနီတို့ ရုရှားမှဆုတ်ခွာခဲ့ရကာ နိုင်ငံရင်း၏မြို့တော်အထိပြန်၍ ခံစစ်ဆင်ခဲ့ရသည်။ ၁၉၄၅ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ဂျာမနီ၏လွှတ်တော်အဆောက်အအုံကို ဆိုဗီယက်တပ်ဖွဲ့က သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ဥရောပမြေပေါ်မှ ဒုတိယကမ္ဘာစစ်သည် ဇာတ်သိမ်းခန်းသို့ရောက်ခဲ့ပြီး ၁၉၄၅ ခုနှစ် မေလ ၈ ရက်တွင် နာဇီဂျာမနီတို့ လက်နက်ချအညံ့ခံသည့် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး၏ အရေးပါလှသော အစိတ်အပိုင်းကြီးဖြစ်သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း အသေအပျောက်၊ အကျအဆုံး အများဆုံးနှင့် စစ်နယ်ဝန်းအကျယ်ဆုံးဖြစ်ခဲ့သည်။ နာဇီဂျာမနီတို့၏ တိုက်ခိုက်မှုကြောင့် အသက်ပေးခဲ့ကြရသည့် စစ်သည်များနှင့် အရပ်သားပြည်သူများ စုစုပေါင်း ၂၇ သန်းခန့်အထိ ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလ နာဇီနှင့် ဖက်ဆစ်ဝါဒီ ဝင်ရိုးတန်းနိုင်ငံများကို မဟာမိတ်နိုင်ငံများက စုပေါင်းတိုက်ခိုက်ခဲ့ရာတွင် ဥရောပစစ်မြေပြင်နှင့် အာရှပစိဖိတ်ဒေသ စစ်မြေပြင်တို့တွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့်စပ်လျဉ်း၍ ကမ္ဘာတစ်ဝန်းမှ ပြည်သူများမှာ မှန်မှန်ကန်ကန် သိခွင့်မရခဲ့။ နှစ်ပေါင်း ၈၀ ကျော်လွန်ပြီးနောက် ကမ္ဘာကြီး၏ အလှည့်အပြောင်းတွင် မှန်ကန်သည့် သမိုင်းအချက်အလက်များမှာ ထင်ရှားစွာ ပြန်လည်ထွက်ပေါ်လာမည်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များသည်လည်း အခြားနိုင်ငံများမှ စစ်ရေးပြတပ်ဖွဲ့ဝင်များနှင့်အတူ ပထမဦးဆုံးအကြိမ် ပါဝင်ချီတက်ခဲ့ကြသည်။ ကြီးကျယ်ခမ်းနားလှသည့် စစ်ရေးပြအခမ်းအနားကြီး၏ ပုံရိပ်များက ပြောင်းလဲလာသည့် ကမ္ဘာ့အခင်းအကျင်းသစ်နှင့် လိုက်လျောညီထွေစွာ ကြိုးပမ်းလိုက်ပါနေသည့် မိမိတို့နိုင်ငံကို ထင်ဟပ်နေခြင်း ပင်ဖြစ်ပါကြောင်း။ ။

ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

နေပြည်တော် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ သုတေသနစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ကိုဇော်ဌေး(ယဉ်ကျေးမှု)၏ **'ဆို၊ က၊ ရေး၊ တီး ရိုးရာခရီး'** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်၌ လူမျိုးတိုင်းတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ရှိကြသည့်အနက် မြန်မာလူမျိုးများတွင်လည်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများရှိရာ ထိုရိုးရာယဉ်ကျေးမှုများစွာထဲတွင် အနုသုခုမပညာရပ်များ ပါဝင်ကြသည်။ အနုသုခုမပညာရပ်များစွာထဲတွင် အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များလည်း ပါဝင်လျက်ရှိရာ သူ့မူ၊ သူ့ဟန်၊ သူ့သမ္မာဖြင့် သမိုင်းအစဉ်အဆက် ရပ်တည်နေခဲ့ကြသည်။

ထိုသို့ ရပ်တည်နေခဲ့ကြသော ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် ပြည်ပသရုပ်ပျက်များ ထိုးဖောက်ဝင်ရောက်လာကြသောအခါ အရိုးကို အရွက်ဖုံးသည့်ပမာ တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားမည်ကို တာဝန်ရှိ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများက စိုးရိမ်လာခဲ့ကြသည်။

အဆိုပါ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်ထက်သန်စေရန် လှုံ့ဆော်ပေးနိုင်စွမ်းရှိကြောင်း၊ ပြိုင်ပွဲများတွင် အကဲဖြတ်အဖွဲ့ဝင်ဖြစ်ခဲ့သော စာရေးသူက ကိုယ်တွေ့ဖြစ်ရပ်များနှင့် ပေါင်းစပ်ပြီး အခန်းကိုးခန်းခွဲကာ သုတေသနပြုစုထားရာ မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းပေးထားသည့်နှယ် အကျိုးပြုနိုင်သည့် ဆုရစာအုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၁၀ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၃၁၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၁၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၅ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၈၂၅	၂၉၃၅	၂၉၀၅	၂၈၄၀	၂၉၄၅	၂၉၆၀	၂၉၇၅	၂၈၉၅	၄၅၀၅	၃၀၉၀	၂၉၁၀	၂၉၀၅	၂၉၈၅	၂၉၅၀	၂၉၇၀	၃၂၂၅
95 Ron	၂၈၈၅	၂၉၉၅	၂၉၆၅	၂၉၀၀	၃၀၀၅	၃၀၂၀	၃၀၃၅	၂၉၅၅	၄၅၆၀	၃၂၄၅	၂၉၇၀	၂၉၇၅	၃၀၄၅	၃၀၀၅	၃၀၃၀	၃၂၈၅
HSD (500 ppm)	၂၄၁၅	၂၅၂၅	၂၄၉၅	၂၄၃၀	၂၅၃၅	၂၅၅၀	၂၅၆၅	၂၄၈၅	-	၂၇၈၀	၂၅၀၀	၂၅၀၅	၂၅၇၅	၂၅၄၀	၂၅၆၀	၂၈၀၅
HSD (50 ppm)	၂၉၈၀	၃၀၉၅	၃၀၆၀	၂၉၉၅	၃၁၀၀	၃၁၁၅	၃၁၃၀	၃၀၅၀	၄၈၃၀	၃၃၄၅	၃၀၇၀	၃၀၇၀	၃၁၄၀	၃၁၀၅	၃၁၂၅	၃၃၈၅
HSD (10 ppm)	၂၉၈၀	၃၀၉၅	၃၀၆၀	၂၉၉၅	၃၁၀၀	၃၁၁၅	၃၁၃၀	၃၀၅၀	-	၃၃၄၅	၃၀၇၀	၃၀၇၀	၃၁၄၀	၃၁၀၅	၃၁၂၅	၃၃၈၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၆၆၀	၂၇၄၄
95 Ron	၂၇၇၇	၂၈၀၅
HSD (500 ppm)	၂၂၆၂	၂၃၃၇
HSD (50 ppm)	၂၈၁၁	၂၈၉၇
HSD (10 ppm)	၂၈၁၁	၂၈၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၃၇၃၊ ၀၉-၂၅၆၆၂၅၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နေပြည်တော်တပ်မတော်လေဆိပ်၌ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၁၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အစိုးရပရိုတိုကောဌာန၏ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒေါက်တာဘရှေနှင့် ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် နေပြည်တော်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ နိဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိဗာစီဗစ်ဒေသ

စာမျက်နှာ ၄ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ တွေ့ဆုံဆွေးနွေးစဉ်။

❖ မြန်မာနိုင်ငံနှင့် နိုဗာစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး

စာမျက်နှာ ၃ မှ

အုပ်ချုပ်ရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးရာတွင် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့သည့်အတွက် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူရသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှု၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ လက်တွဲ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် နိုဗာစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ယခုခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံအချင်းချင်း ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး မေ ၁၀

မကြာမီပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရမည့်အချိန် နီးကပ်လာပြီဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် ပြည့်စုံမှန်ကန်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးသည် အဓိကကျသော အချက်ဖြစ်သောကြောင့် အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ၁၈ နှစ်နှင့်အထက် နိုင်ငံသားအားလုံးပါဝင်နိုင်ရေး၊ ဥပဒေအရ နိုင်ငံသားမဖြစ်သေးသူ သတ်မှတ်အရည်အချင်းနှင့်မပြည့်စုံသူ (ဥပမာအသက် ၁၈နှစ် မပြည့်သေးသူများ၊ နိုင်ငံသားအဖြစ်မှ ရပ်စဲထားသူများ၊ ကွယ်လွန်ပြီးသူများစသည်ဖြင့်) မပါဝင်ရန် အရေးကြီးကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်၍ မဲပေးပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာတွင် အားလုံးက ဝိုင်းဝန်းကြိုးစားပေးကြရန် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မိမိခရိုင်၊ မြို့နယ်များ အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးကြရန်နှင့် ရုံးမှတ်တမ်းများလည်း ကျန်ရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း နိဂုံးချုပ်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်လွှတ်တော်ရုံးသို့ သွားရောက်၍ လွှတ်တော်ရုံးအဆောက်အအုံပြုပြင်နေမှုများနှင့် မန္တလေးငလျင်ဒဏ်ကြီးကြောင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး အတွင်းပိုင်းရှိ ရုံးခန်းကြမ်းခင်းကြွေပြား ဖောင်းကြွအက်ကွဲမှုဖြစ်ပွားသည့်နေရာအသစ် ပြန်လည်ပြုပြင်နေမှုနှင့် မီဒီယာခန်း၊ စာကြည့်တိုက်ခန်းမ၊ သံလွင်ခန်းမ၊ လွှတ်တော်ရေးရာကော်မတီအခန်း၊ လွှတ်တော်အစည်းအဝေးခန်းမနှင့် လွှတ်တော်ရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်စွက်၍ တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား

နေပြည်တော် မေ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မေ ၇ ရက်မှစ၍ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ၁၉၄၁ - ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။

ထိုသို့အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် အထူးလေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဖော်ပြလိုက်ရပါသည်။

- ✻ ပြည်သူအားလုံးကိုလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ဒီထက်ပိုပြီးတော့မှရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါလိမ့်မယ်။ ဒါမှသာ ပြည်သူအားလုံးကလည်း မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်
- ✻ မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့၊ ကျွန်တော်တို့ရဲ့ ကြိုတင်ပြင်ဆင်မှုများနဲ့ ရွေးကောက်ပွဲကိုလည်း အားပေးထောက်ခံ
- ✻ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နောက်ပြီးတော့ နယ်မြေပိုင်ဆိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီးတော့လည်း ခိုင်မာစွာထောက်ခံ

မေး။ ။ ဗိုလ်ချုပ်မှူးကြီးရှင့်၊ မတ် ၃ ရက်မှ ၉ ရက်အထိ သွားရောက်ခဲ့တဲ့ မြန်မာ - ရုရှား ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာရရှိခဲ့တဲ့ ဆွေးနွေးညှိနှိုင်းမှုရလဒ်များက မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိခဲ့ပါတယ်။ ယခု မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့တဲ့ ခရီးစဉ်မှာလည်း ကျွန်မတို့နိုင်ငံအတွက် ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့သလဲဆိုတာ သိချင်ပါတယ်။

ဗိုလ်ချုပ်မှူးကြီး။ ။ ဒီအခမ်းအနား ကတော့ ရုရှားပြည်သူတွေက တော်တော်ကို တန်ဖိုးလည်းထားတယ်။ ဂုဏ်လည်းယူကြတယ်။ ဆိုဗီယက်ပြည်ထောင်စုကြီးကို လာပြီးကျူးကျော်တိုက်ခိုက်တဲ့ ဖက်ဆစ်နာဇီတွေ အပေါ်မှာ သူတို့ လူ ၂၆ သန်းကျော် အသေခံပြီးတော့မှ ပြန်ပြီး ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာပြန်လည်ရရှိဖို့အတွက် တိုက်ခိုက်ခဲ့တာပေ့ါ။ ဒါကြောင့် သူတို့လည်း သိပ်တန်ဖိုးထားပါတယ်။ ဒါကျွန်တော်တို့ အလေးထားရမယ့်ကိစ္စပေ့ါ။ မြန်မာနိုင်ငံလည်း ဖက်ဆစ်တော်လှန်ရေး သမိုင်းကြောင်း ရှိခဲ့တယ်။ တပ်မတော်နဲ့ ပြည်သူပေါင်းပြီးတော့မှ လွတ်လပ်ရေးရအောင်လည်း တိုက်ခိုက်ခဲ့တဲ့ သမိုင်းကြောင်းလည်း ရှိတယ်။ သမိုင်းကောင်း၊ တကယ်ခိုင်မာတဲ့ သမိုင်းကြောင်းပါ။ ဒါကြောင့် ဒါကလည်း ကျွန်တော်တို့ အနေနဲ့ ဒီဟာကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ဖို့လိုအပ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်ကာကွယ်ရေး အင်အားရှိရင်ပေ့ါ၊ တပ်မတော်အင်အားရှိလို့ရှိရင် တိုင်းပြည်က အင်အားရှိမယ်ဆိုတဲ့ဟာကတော့ ပေါ်လွင်ပါတယ်။ ပြည်သူအားလုံးကိုလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ဒီထက်ပိုပြီးတော့မှ ရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါလိမ့်မယ်။ ဒါမှသာ ပြည်သူအားလုံးကလည်း မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မယ်ဆိုတာလည်း ဒါ ကျွန်တော်တွေ့ပါတယ်။

မေး။ ။ ခရီးစဉ်အတွင်းမှာ စစ်ရေးပြအခမ်းအနားကို တက်ရောက်လာတဲ့ နိုင်ငံ့ခေါင်းဆောင်များနဲ့လည်း တွေ့ဆုံခဲ့တာကို တွေ့ရပါတယ်။ ဘာထူးခြားမှုများ ရှိပါသလဲ။

ဗိုလ်ချုပ်မှူးကြီး။ ။ နိုင်ငံ့ခေါင်းဆောင်တချို့နဲ့ အလွတ်သဘောတွေ့ဆုံတာလည်းရှိသလို တွေ့ဆုံဆွေးနွေးနိုင်မှုလည်း ကျွန်တော်တို့ရခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံကနေပြီးတော့မှ ကျွန်တော့်ရဲ့ သဘောထားပေ့ါ၊ ကျွန်တော်ကတော့ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားဖို့အတွက် ကျွန်တော်လက်ခံပါတယ်။ ဒီအတိုင်း ကျွန်တော်တို့သွားဖို့ ဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ဒီနှစ်ကုန်ပိုင်းမှာ ကျွန်တော်ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်းကိုလည်း ကျွန်တော် သူတို့ကို ရှင်းပြပါတယ်။ ဆွေးနွေးတဲ့လူတွေကတော့ အားလုံးလည်းလက်ခံပြီးတော့မှ အားပေးထောက်ခံမှု ရှိတာကိုလည်း ကျွန်တော်တွေ့ရပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေတွေလည်း တချို့နိုင်ငံတွေလည်း ရှင်းပြနိုင်ပြီးတော့ တချို့နိုင်ငံတွေကလည်း မိတ်ဆက်တွေ့ဆုံရတာပေ့ါ။ ကောင်းပါတယ်၊ အားလုံးတွေ့ရတာ အားလုံးကောင်းပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

မေး။ ။ ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘာများပြောလိုပါသလဲ။

ဗိုလ်ချုပ်မှူးကြီး။ ။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံကတော့ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ မဟာဗျူဟာမိတ်ဖက်နိုင်ငံတစ်ခုလည်းဖြစ်တယ်။ နောက် ခွဲခြားလို့မရတဲ့ အိမ်နီးချင်းနိုင်ငံတွေလည်း ဖြစ်ပါတယ်။ နောက်တစ်ခါ သံတမန်ဆက်ဆံရေးကလည်း အခုဆိုရင် ၇၅ နှစ်ကျော်ကာလကို ရောက်ပြီဖြစ်ပါတယ်။ ဒါကြောင့် ထူးခြားတဲ့ ဆက်ဆံရေးရှိတဲ့ နိုင်ငံတစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။ သမ္မတကြီးကတော့ မန္တလေးငလျင်နဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေ အသက်ဆုံးရှုံးမှုနဲ့ ထိခိုက်ဆုံးရှုံးမှုများအတွက်လည်း စိတ်မကောင်းတဲ့အကြောင်း နှုတ်ကလည်း ထုတ်ပြောတယ်။ ပြီးရင် ဖြစ်ပြီးတဲ့ အချိန်မှာလည်း ကျွန်တော့်ဆီကိုလည်း သဝဏ်လွှာ သူပို့ပါတယ်။ ဒီငလျင်နဲ့ပတ်သက်ပြီးတော့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့လည်း ဆက်လက်ကူညီဆောင်ရွက်ပေးမယ်ဆိုတာလည်း သူ ဒါလည်း အလေးအနက်ထားပြီး သူပြောပါတယ်။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နောက်ပြီးတော့ နယ်မြေပိုင်ဆိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီးတော့လည်း ခိုင်မာစွာထောက်ခံတဲ့ အကြောင်းလည်း သူပြောပါတယ်။ မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာလည်း အားပေးတဲ့အကြောင်း သူ ကျွန်တော်တို့ကို ပြောပါတယ်။ ကျွန်တော့်အနေနဲ့လည်း One Belt One Road လမ်းကြောင်းအပေါ်မှာလည်း ခိုင်ခိုင်မာမာရပ်တည်တဲ့အကြောင်း၊ နောက်တစ်ခါ မြန်မာနိုင်ငံကနေပြီးတော့ တက်ကြွစွာ ပါဝင်ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်း ကျွန်တော်ပြောခဲ့ပါတယ်။ မြန်မာနိုင်ငံက ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေတွေလည်း အကြမ်းဖျင်း ကျွန်တော်ရှင်းပြနိုင်ခဲ့ပါတယ်။ နောက်တစ်ခုက တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေး စင်္ကြံ အကောင်အထည်ဖော်မြှင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော် ဆွေးနွေးဖြစ်ခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒါ သမ္မတကြီးကပေ့ါဗျာ၊ မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့၊ ကျွန်တော်တို့ရဲ့ ကြိုတင်ပြင်ဆင်မှုများနဲ့ ရွေးကောက်ပွဲကိုလည်း အားပေးထောက်ခံတဲ့အကြောင်း သူ ဒါလေးထပ်ပြီး ပြောပါတယ်။ တွေ့ဆုံဆွေးနွေးရတာလည်း ကောင်းမွန်တဲ့ ရလဒ်ကောင်းတွေ ရရှိတယ်ဆိုတာလည်း ကျွန်တော်ပြောချင်ပါတယ်။

သတင်းစဉ်

အကျိုးစီးပွားချင်းထပ် ကောင်းမြတ်ခဲ့ပြီ

— — — ထက်မြတ် — — —

ယနေ့ကမ္ဘာ့အခြေအနေကို ပြန်တွေးဆကြည့်မယ်ဆိုရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားမှာ ချစ်ကြည်ရင်းနှီးမှုတွေကို ပိုမိုတိုးမြှင့်တည်ဆောက်လာခဲ့ကြတာ တွေ့ရမှာပါ။ ဒါပေမယ့် ကမ္ဘာ့နိုင်ငံအားလုံးက ချစ်ကြည်ရင်းနှီးမှုတွေတည်ဆောက်နေကြတာတော့ မဟုတ်ပါဘူး။ တစ်ဖက်က ဧကဝင်ရိုးကိုလိုလားတဲ့ နိုင်ငံတွေနဲ့ အခြားတစ်ဖက်မှာကျတော့ ဗဟုဝင်ရိုးကိုလိုလားတဲ့ နိုင်ငံတွေဆိုပြီး ဖြစ်တည်လာကြတာပါ။

ဒီနေရာမှာ ဧကဝင်ရိုးနဲ့ ဗဟုဝင်ရိုးဆိုတာကို အနည်းငယ်ရှင်းပြချင်ပါသေးတယ်။ ဧကဝင်ရိုးကမ္ဘာကြီးဆိုတာက တစ်ကမ္ဘာလုံးရဲ့အခင်းအကျင်းအဖြစ်အပျက်အားလုံးက အင်အားကြီး နိုင်ငံတစ်နိုင်ငံ ဒါမှမဟုတ် အင်အားကြီးအုပ်စုတစ်ခုရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်ရှိသွားတာမျိုး ဖြစ်ပါတယ်။ ဗဟုဝင်ရိုးကမ္ဘာဆိုတာ ကမ္ဘာ့နိုင်ငံအားလုံးက ဧကဝင်ရိုးလိုမျိုး ဗဟိုထိန်းချုပ်မှုကနေလွတ်ကင်းပြီး အမှန်တကယ်လွတ်လပ်တဲ့နိုင်ငံများအဖြစ်သို့ ဦးတည်လျှောက်လှမ်းနေတဲ့ အခြေအနေဖြစ်ပါတယ်။

ဗဟုဝင်ရိုးကမ္ဘာကြီးကို တည်ဆောက်ဖို့ ကြိုးပမ်းဆောင်ရွက်လာ

ဒီတော့ ဧကဝင်ရိုးနဲ့ဗဟုဝင်ရိုးမှာဆိုရင် သွားတဲ့ပုံစံချင်းလည်းမတူသလို ရရှိလာတဲ့ အကျိုးကျေးဇူးချင်းလည်း မတူပါဘူး။ ဧကဝင်ရိုးကနေရရှိလာတဲ့အကျိုးကျေးဇူးက တစ်ဦးကောင်း၊ တစ်အုပ်စုကောင်းအတွက်သာဖြစ်ပေမယ့် ဗဟုဝင်ရိုးကနေရရှိလာတဲ့ အကျိုးကျေးဇူးကျတော့ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ကိုယ့်အတွက်ကျန်မှာဖြစ်သလို အဲဒီအကျိုးရလဒ်ကိုလည်း ဘယ်သူ့ကိုမှပြန်ခွဲပေးစရာမလိုပါဘူး။ ဒါကြောင့် ကမ္ဘာ့နိုင်ငံများက ဗဟုဝင်ရိုးကမ္ဘာကြီးကိုတည်ဆောက်ဖို့ ကြိုးပမ်းဆောင်ရွက်လာနေကြတာဖြစ်ပါတယ်။

ဒီလိုမျိုး ဗဟုဝင်ရိုးကမ္ဘာကြီးကိုတည်ဆောက်နိုင်ဖို့အတွက် ရုရှား၊ တရုတ်၊ ဘရာဇီးတို့လိုမျိုး အင်အားကြီးနိုင်ငံများက ဦးဆောင်လျက်ရှိပါတယ်။ ဥပမာ BRICS ဆိုတဲ့အဖွဲ့အစည်းကို ကြည့်လိုက်ရင်တွေ့ရမှာပါ။ အဲဒီအဖွဲ့အစည်းကြီးက သူတို့ကိုယ်တိုင်လည်း ရှေ့ဆောင်လမ်းပြအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေသလို သူတို့နဲ့ လက်တွဲပါဝင်လိုတဲ့ အင်အားနည်းနိုင်ငံများကိုလည်း အတူတကွ ဆွဲခေါ်နေတာတွေ့ရပါတယ်။

ရုရှားနိုင်ငံနဲ့ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်ခဲ့

နိုင်ငံရေးဆိုတာ အင်မတန်မှပါးနပ်ဖို့လိုပါတယ်။ ဒီအရေးက ကမ္ဘာ့နိုင်ငံများနဲ့ယှဉ်လာပြီဆိုရင်တော့ အလွန်ကိုကျွမ်းကျင်လိမ္မာစွာကိုင်တွယ်မှသာ ကိုယ့်အတွက်အကျိုးကျေးဇူးများစွာ ရရှိစေမှာပါ။ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံ့တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေရတယ်ဆိုပေမယ့်လည်း ကမ္ဘာ့နိုင်ငံများနဲ့ယှဉ်ပြီး လုပ်ဆောင်ရမယ့်အရေးကိစ္စတွေမှာဆိုရင် လိမ္မာပါးနပ်လွန်းစွာ လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိမ်နီးချင်းအင်အားကြီးနိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင်တည်ဆောက်ခဲ့ရုံသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံနဲ့ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်ခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံတော်တာဝန်များကို ယူထားရတဲ့ ကာလတစ်လျှောက်လုံးမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ရုရှားနိုင်ငံကို လေးကြိမ်မြောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပသည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာစဉ်။

ချစ်ကြည်ရေးခရီးသွားရောက်ကာ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နဲ့ နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလိုမျိုးတွေ့ဆုံမှုတွေမှာ နှစ်နိုင်ငံကြားအကျိုးရှိစေမယ့် စီမံကိန်းများကို ပူးပေါင်းအကောင်အထည်ဖော်ရေးအတွက်သာမက မြန်မာနိုင်ငံအတွက် အကျိုးများမယ့်ကူညီမှုများပေးအပ်ရေးအတွက်လည်း သဘောတူညီခဲ့ကြပါတယ်။ အခုဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကို ငါးကြိမ်မြောက် ချစ်ကြည်ရေးခရီးသွားရောက်ရာကနေ ပြန်လည်ရောက်ရှိလာပါပြီ။

တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ဆောင်

ယခုတစ်ခေါက် ချစ်ကြည်ရေးခရီးစဉ်က ရုရှားနိုင်ငံ မော်စကိုမြို့မှာ ကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနဲ့အတူ ဆက်စပ်အခမ်းအနားတွေကို တက်ရောက်ဖို့အတွက်သွားခြင်းဖြစ်ပါတယ်။ ဒီခရီးစဉ်ကို လာဖို့ကိုလည်း ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်ကိုယ်တိုင်က ပြီးခဲ့တဲ့တစ်ခေါက်တွေ့ဆုံမှုမှာ ဖိတ်ကြားလိုက်တာပါ။ ထူးခြားတာက ဒီတစ်ခေါက်ခရီးစဉ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးကိုယ်တိုင်ကလည်း နိုင်ငံတကာနဲ့မြန်မာနိုင်ငံတို့ကြား ဆက်ဆံရေးနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးရေးရာကိစ္စတွေမှာပါ။

အခွင့်အလမ်းတွေ ပေါ်ထွန်းလာ

နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက မေလ ၈ ရက်နံနက်ပိုင်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ ဗယ်လက်တီနာမတ်ဗီယန်ကိုနဲ့ တွေ့ဆုံပြီး ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကြား ပညာရေး၊ စီးပွားရေးကဏ္ဍတို့မှာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ရဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ အန်နာနက်စတီရိုဗာနဲ့ တွေ့ဆုံပြီး အမျိုးသမီးရေးရာ အခန်းကဏ္ဍအားပေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးတွေဆွေးနွေးနိုင်ခြင်းဟာ သိပ်ကိုကောင်းမွန်တဲ့လက္ခဏာတစ်ခုလို့ ပြောရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကျား၊ မ ခွဲခြားခြင်းမရှိတဲ့ အားလုံးကိုတစ်ပြေးညီဆက်ဆံနေတဲ့နိုင်ငံဖြစ်တာကြောင့် မြန်မာနိုင်ငံအတွင်းမှာသာမက ကမ္ဘာမှာပါ အမျိုးသမီးတွေရဲ့ ပါဝင်ပတ်သက်မှုကို အားပေးမြှင့်တင်နိုင်မယ့် အခွင့်အလမ်းတွေ ပေါ်ထွန်းလာလို့ ဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ အခုသွားခဲ့တဲ့ရုရှားခရီးစဉ်မှာ နောက်ထပ်ထူးခြားမှုတစ်ခု ရှိပါသေးတယ်။ အထက်မှာဆိုခဲ့တဲ့အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရုရှားနိုင်ငံက ကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနဲ့ ဆက်စပ်အခမ်းအနားတွေကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ထူးခြားမှုကတော့ အဲဒီစစ်ရေးပြအခမ်းအနားမှာ မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲက ရင်ပြင်နီမှာ ပါဝင်တက်ရောက်စစ်ရေးပြခွင့်ရရှိခဲ့တာပါ။ ဒီလိုမျိုးပါဝင်ခွင့်ရခြင်းဟာ သမိုင်းတစ်လျှောက်မှာ ပထမဆုံးဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲက တရုတ်၊ ဗီယက်နမ်၊ လာအို အစရှိတဲ့ နိုင်ငံပေါင်း ၁၃ နိုင်ငံနဲ့အတူ စစ်ရေးပြခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုး ပါဝင်စစ်ရေးပြခွင့်ရရှိခြင်းက မြန်မာ့တပ်မတော်ကို ကမ္ဘာ့အသိုင်းအဝိုင်းမှာ ပိုမိုထင်ရှားလာစေပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကတော့ နိုင်ငံအကျိုးအတွက် ဖော်ဆောင်ရတဲ့ ပြည်ပခရီးစဉ်တွေမှာ အမြဲတမ်းတက်တက်ကြွကြွရှိလှတဲ့ ပုံစံအတိုင်းပဲ အခုတစ်ခေါက်မှာလည်း နိုင်ငံအတွက်အကျိုးရှိမယ့်တွေ့ဆုံမှုတွေကို တက်ကြွစွာဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကိုရောက်ရှိပြီးနောက်တစ်ရက်နံနက်ပိုင်းမှာပဲ ရုရှားနိုင်ငံရဲ့ နာမည်ကျော်သတင်းဌာနတွေဖြစ်တဲ့ RT TV Channel နဲ့ Krasnaya Zvezda သတင်းစာတို့ရဲ့ တွေ့ဆုံမေးမြန်းမှုတွေကို စိတ်ရှည်လက်ရှည်နဲ့ပြည့်ပြည့်စုံစုံဖြေကြားပေးပါတယ်။ ဒီသတင်းဌာနတွေရဲ့ တွေ့ဆုံမေးမြန်းမှုနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ပြန်လည်ဖြေကြားမှုတွေက မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ကြား ချစ်ကြည်ရေးကို *စာမျက်နှာ ၇ သို့*

❑ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရုရှားနိုင်ငံက ကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနဲ့ ဆက်စပ်အခမ်းအနားတွေကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ထူးခြားမှုကတော့ အဲဒီစစ်ရေးပြအခမ်းအနားမှာ မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲက ရင်ပြင်နီမှာ ပါဝင်တက်ရောက်စစ်ရေးပြခွင့်ရရှိခဲ့တာပါ။ ဒီလိုမျိုးပါဝင်ခွင့်ရခြင်းဟာ သမိုင်းတစ်လျှောက်မှာ ပထမဆုံးဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲက တရုတ်၊ ဗီယက်နမ်၊ လာအို အစရှိတဲ့ နိုင်ငံပေါင်း ၁၃ နိုင်ငံနဲ့အတူ စစ်ရေးပြခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုး ပါဝင်စစ်ရေးပြခွင့်ရရှိခြင်းက မြန်မာ့တပ်မတော်ကို ကမ္ဘာ့အသိုင်းအဝိုင်းမှာ ပိုမိုထင်ရှားလာစေပါတယ်

စာမျက်နှာ ၆ မှ
ခိုင်မာစေရုံသာမက မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များကိုလည်း ကမ္ဘာကသိရှိခွင့်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟာ မေလ ၈ ရက် ညနေပိုင်းမှာတော့ ကာဇက်စတန်နိုင်ငံသမ္မတနဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ အဲဒီနောက် ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်က တည်ခင်းဧည့်ခံတဲ့ ညစာစားပွဲအခမ်းအနားသို့ အခြားသော နိုင်ငံ့ခေါင်းဆောင်များနဲ့အတူ တက်ရောက်ပြီး ရုရှားသမ္မတနဲ့တွေ့ဆုံကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့တာလည်းတွေ့ရပါတယ်။ မေလ ၉ ရက် နံနက်ပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရင်ပြင်နီမှာကျင်းပတဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် (၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ပါတယ်။ ပြီးတဲ့အခါ အခြားနိုင်ငံ့ခေါင်းဆောင်များနဲ့အတူ အညတရစစ်သည်ဗိမာန်သို့သွားရောက်၍ ပန်းခွေချအလေးပြုပါတယ်။ ပြီးနောက် ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်ရဲ့ရုံးခန်းမှာ နေ့လယ်စာသုံးဆောင်ပါတယ်။

တကယ်တော့ မေလ ၉ ရက်ဆိုတာ နိုင်ငံတော်ဝန်ကြီးချုပ်အတွက် အလုပ်အများဆုံးသောနေ့တစ်နေ့ဖြစ်သလို အကျိုးအများဆုံးသောနေ့တစ်နေ့ဆိုရင်လည်းမမှားပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ဒီအခမ်းအနားကိုတက်ရောက်ခဲ့တဲ့အတွက် နိုင်ငံတကာမှခေါင်းဆောင်များနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံကြားဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက်ကို ဆွေးနွေးနိုင်ခဲ့ပါတယ်။

ပူးပေါင်းဆောင်ရွက်ရေးအမြင်ချင်းဖလှယ်ဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံကို ရောက်ရှိနေတဲ့ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နဲ့ မေလ ၉ ရက်ညနေပိုင်းမှာ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံစဉ်မှာ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နဲ့ပတ်သက်ပြီး ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးက ဒီနှစ်မှာ စိန်ရတုတိုင်ပြီဖြစ်ပါတယ်။ ဒီကာလအတွင်း တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအတွက် ကူညီမှုတွေပေးခဲ့သလို မြန်မာနိုင်ငံကလည်း တရုတ်နိုင်ငံအတွက် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းနိုင်ငံအဖြစ် ရပ်တည်ပေးခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံတကာ ခေါင်းဆောင်များနဲ့တွေ့ဆုံစဉ်မှာ အမြဲမပြတ်ပြောနေကျစကားတစ်ခု ရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးမယ်ဆိုတဲ့အကြောင်းနဲ့ အဲဒီရွေးကောက်ပွဲကိုလည်း နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကို

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များက နိုင်ငံတကာမှ စစ်ရေးပြတပ်ဖွဲ့ဝင်များနှင့်အတူ ပထမဦးဆုံးအကြိမ်ဖြစ် ပါဝင်ချီတက်အလေးပြုစဉ်။

ဖိတ်ကြားသွားမယ်ဆိုတဲ့အကြောင်း ဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်က အခုလို တရုတ်နိုင်ငံသမ္မတနဲ့တွေ့ဆုံစဉ်မှာ ဒီအကြောင်းကိုလည်း ထပ်လောင်းပြောခဲ့တာ တွေ့ရပါတယ်။ ဒါဟာ နိုင်ငံတော်အကြီးအကဲတစ်ဦးအနေနဲ့ ကမ္ဘာသိအသိပေးခြင်းဖြစ်တာကြောင့် နိုင်ငံတကာစာမျက်နှာမှာလည်း မြန်မာနိုင်ငံရဲ့ပုံရိပ်ကို တိုးတက်စေပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ ဖော်ဆောင်နေတဲ့ ခါးပတ်တစ်ကွင်း၊ လမ်းတစ်ကြောင်းဆိုတဲ့စီမံကိန်းကြီးအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး တက်ကြွစွာပါဝင်ဆောင်ရွက်မယ်ဆိုတဲ့အကြောင်း၊ တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်မြှင့်တင်ရေးနဲ့ ပတ်သက်တဲ့အကြောင်းတွေကို နိုင်ငံတော်ဝန်ကြီးချုပ်က ပြောဆိုဆွေးနွေးခဲ့တာတွေ့ရပါတယ်။ ဒီလိုဆွေးနွေးမှုတွေဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကိုဖြစ်ပေါ်လာစေမှာပါ။

မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်များကို ထောက်ခံ

နောက်တစ်ခုက တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က တရုတ်နိုင်ငံအနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ထောက်ခံကြောင်း၊ နိုင်ငံတည်ငြိမ်ရေးနဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း၊ မြန်မာနိုင်ငံမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အစိုးရရဲ့ ကြိုတင်ပြင်ဆင်မှုများနဲ့ ရွေးကောက်ပွဲကို အားပေးထောက်ခံတဲ့အကြောင်းတွေ ပြောခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးပြောဆိုမှုတွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီး ကတိပြုမှုတွေလို့ပြောရင်လည်းမမှားပါဘူး။

မေလ ၁၀ ရက်မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံကို အောင်မြင်ချောမွေ့စွာ ပြန်လည်ရောက်ရှိလာပါပြီ။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ အခုတစ်ခေါက်ခရီးစဉ်မှာ မြန်မာနိုင်ငံအတွက် များလှစွာသော အကျိုးကျေးဇူးများကို ပြန်လည်သယ်ဆောင်လာခဲ့တယ်လို့ဆိုရပါမယ်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေနဲ့ နှိုင်းယှဉ်ရင် မြန်မာနိုင်ငံဟာ ကမ္ဘာ့အခင်းအကျင်းသစ်မှာ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်မယ့်အခြေအနေသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်နိုင်တဲ့ အခွင့်အရေးရရှိခဲ့ပါတယ်။ နောက်ထပ် မြန်မာနိုင်ငံအတွက် ရရှိတဲ့အကျိုးကျေးဇူးတွေကတော့ အမျိုးသမီးရေးရာအခန်းကဏ္ဍကို နိုင်ငံတကာအထိ ထိုးဖောက်နိုင်မယ့်အခွင့်အရေး၊ မြန်မာ့တပ်မတော်ကို ကမ္ဘာ့နိုင်ငံများရဲ့ တပ်မတော်များနဲ့ ရင်ပေါင်တန်းနိုင်မယ့်အခွင့်အရေး၊ မြန်မာနိုင်ငံရဲ့အနာဂတ် ပိုမိုတောက်ပလာမယ့် အခွင့်အရေးတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ယနေ့ကမ္ဘာ့နိုင်ငံတချို့ဟာ ဧကဝင်ရိုးနဲ့အသားကျနေကြတာများပါတယ်။ အဓိကကတော့ ဧကဝင်ရိုးကနေ အကျိုးအမြတ်ကြီးစွာ ရရှိနေတဲ့ လက်တစ်ဆုပ်မျှသောနိုင်ငံများက ဒီအခြေအနေကနေ တခြားအခြေအနေတစ်ခုကို ပြောင်းလဲသွားမှာမလိုလားကြပါဘူး။ ဒါကြောင့်လည်း ဧကဝင်ရိုးကမ္ဘာကြီးကို ဆက်လက်လည်ပတ်နိုင်ဖို့ ကြိုးပမ်းအားထုတ်လာကြချိန်မှာ ကျန်ရှိတဲ့နိုင်ငံတွေကတော့ နိုင်ငံများအတွက် ကိုယ်စီအကျိုးကျေးဇူးရရှိစေမယ့် ဗဟုဝင်ရိုးကမ္ဘာကြီးကို အကောင်အထည်ဖော်လာနေပြီဖြစ်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် ဗဟုဝင်ရိုးကမ္ဘာကြီးကို အကောင်အထည်ဖော်နေကြသူများမှာ တူညီသောအကျိုးစီးပွားပန်းတိုင်ရှိပါတယ်။ အဲဒီပန်းတိုင်ကတော့ မျှဝေသောအနာဂတ်နဲ့ အေးအတူပူအမျှရှိတဲ့ အသိုက်အဝန်းကိုတည်ထောင်သွားဖို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုနိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံချစ်ကြည်ရေးခရီးစဉ်ဟာ အကျိုးစီးပွားချင်းထပ်လို့ ကောင်းမြတ်တဲ့ ခရီးစဉ်တစ်ခုဖြစ်လာပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

“နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့အခုတစ်ခေါက်ခရီးစဉ်မှာ မြန်မာနိုင်ငံအတွက် များလှစွာသောအကျိုးကျေးဇူးများကို ပြန်လည်သယ်ဆောင်လာခဲ့တယ်လို့ဆိုရပါမယ်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေနဲ့နှိုင်းယှဉ်ရင် မြန်မာနိုင်ငံဟာ ကမ္ဘာ့အခင်းအကျင်းသစ်မှာ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်မယ့် အခြေအနေသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်နိုင်တဲ့အခွင့်အရေးရရှိခဲ့ပါတယ်။ နောက်ထပ် မြန်မာနိုင်ငံအတွက် ရရှိတဲ့အကျိုးကျေးဇူးတွေကတော့ အမျိုးသမီးရေးရာအခန်းကဏ္ဍကို နိုင်ငံတကာအထိ ထိုးဖောက်နိုင်မယ့်အခွင့်အရေး၊ မြန်မာ့တပ်မတော်ကို ကမ္ဘာ့နိုင်ငံများရဲ့ တပ်မတော်များနဲ့ ရင်ပေါင်တန်းနိုင်မယ့်အခွင့်အရေး၊ မြန်မာနိုင်ငံရဲ့အနာဂတ် ပိုမိုတောက်ပလာမယ့် အခွင့်အရေးတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့တာဖြစ်ပါတယ်”

ရွှေဘုန်းပွင့်ကျောင်းတိုက်၌ ထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၈)ရပ်ကွက် ရွှေဘုန်းပွင့်ကျောင်းတိုက် ရွှေဘုန်းပွင့်ဆရာတော် ဘဒ္ဒန္တအာလောကအား အမှူးထား၍ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာများအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (ဥပဒေ)အကြံပေးဒေါက်တာထွန်းထွန်းဝင်း (မိသားစု)နှင့် ခုနစ်ရက်သားသမီးအလှူရှင်များ စုပေါင်း၍ ကပ်ကျော်လာဘ်ခေါ် ရွှေတိဂုံစေတီတော်(ပုံတူ)နှင့်ကျိုက်ထီးရိုးစေတီတော်(ပုံတူ) ထီးတော်တင်မင်္ဂလာအခမ်းအနားနှင့် ငလျင်ဘေး၌ ပျံလွန်တော်မူခဲ့ကြသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ လူပုဂ္ဂိုလ်များအား ရည်စူး၍ အမျှဝေခြင်းအခမ်းအနားကို ယနေ့ နံနက် ၈နာရီ ၁၀ မိနစ်က အဆိုပါကျောင်းတိုက်၌ ပြုလုပ်သည်။

ဦးစွာ အခမ်းအနားမှူးက နတ်ဒေဝါများအား ဖိတ်ကြား၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရှင်မတောင်ကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလ(သာသနာ့ဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ပိဋကတ်တစ်ပုံဆောင်)ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ပေးကြသည်။

ဆက်လက်၍ အလှူရှင်များက စိန်ဖူးတော်၊ ထီးတော်များကို ပင့်ဆောင်၍ ထီးတော်တင်အဖွဲ့က ရွှေတိဂုံစေတီတော်(ပုံတူ)၊ ကျိုက်ထီးရိုးစေတီ(ပုံတူ)များ၏ စိန်ဖူးတော်နှင့် ထီးတော်များကို တင်လှူ၍ အနေကဇာတင်လှူပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ရေစက်ချအနုမောဒနာနာယူ၍ ငလျင်၌ ပျံလွန်တော်မူခဲ့ကြသော ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ကွယ်လွန်ခဲ့ကြသူများအား အမျှအတန်းပေးဝေသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

သီတဂူဆရာတော်၏ဗုဒ္ဓနေ့သဝဏ်လွှာ

သာသနာနှစ် ၂၅၆၉ ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့

လူ့လောက တစ်ခုလုံးသို့ ပေးပို့ပါသည်။

သကျမုနိဂေါတမသိဒ္ဓတ္ထ ဖွားမြင်တော်မူခဲ့သည်မှာ
နှစ်ပေါင်း ၂၆၄၉ နှစ် ကြာခဲ့လေပြီ။

သကျမုနိဂေါတမသိဒ္ဓတ္ထ ပရိနိဗ္ဗာန်ပြုခဲ့သည်မှာ
နှစ်ပေါင်း ၂၅၆၉ နှစ်မျှ လွန်ခဲ့လေပြီ။

(၁)

- ကမ္ဘာအသရေ့အနန္တ လွန်လေသောအခါမှ တစ်ဆူတလေသာ ပေါ်ပေါက်သည်ဖြစ်သော မြတ်ဗုဒ္ဓ။
- သူ၏လက်တကမ်းသို့ရောက်နေသော ဝိမုတ္တိနှင့်သန္တိသုခကို ကမ္ဘာများစွာရပ်ဆိုင်းထားလျက် သတ္တဝါများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ အားထုတ် အလုပ်လုပ်ခဲ့သော မြတ်ဗုဒ္ဓ။
- အမှန်တရား၊ လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အသက်ခန္ဓာ၊ ရာထူးအာဏာ၊ စည်းစိမ်ဥစ္စာ၊ ဇနီးမယား၊ သမီး၊ သား၊ အားလုံးကို ရက်ရက်ရောရော စွန့်လွှတ်ခဲ့သော မြတ်ဗုဒ္ဓ။
- သူသိသောတေားဉာဏ်ကို သူ့လက်ဆုပ်မှာသာမထားဘဲ သူတစ်ပါးတို့အား ဝေပေးသော မြတ်ဗုဒ္ဓ၊ သူလွတ်မြောက်ခဲ့ပြီးဖြစ်သော ဘဝထောင်မှ သူတစ်ပါးတို့အားလည်း လွတ်မြောက်စေသော မြတ်ဗုဒ္ဓ။
- သူ၏လွတ်မြောက်ရေး ချမ်းသာရေးအတွက် မည်သူ့ကိုမျှ ဒုက္ခမပေးသော မြတ်ဗုဒ္ဓ။
- လူ့ဘဝ၏အနှစ်သာရသည် သစ္စာတရား၊ သစ္စာကိုသိမြင်ခြင်းသည် လူသားတိုင်း၏ ဘဝပန်းတိုင်၊ သစ္စာကိုသိမှ ဘဝပြဿနာအားလုံးကို ဖြေရှင်းနိုင်မည်ဟူသော မူဝါဒကို ချမှတ်တော်မူခဲ့သည်မှာ မြတ်ဗုဒ္ဓ။
- သစ္စာတရားဟူသည် တစ်လံမျှသာရှိသည့် ခန္ဓာမှာရှိသည်၊ ဤကိုယ်ကာယ တစ်လံမျှ၌ လေးလီသစ္စာ မြတ်မွှာကို အတည်ပြုဟောကြားတော်မူသည်မှာ မြတ်ဗုဒ္ဓ။
- အမှန်တရားထွန်းကားရေးနှင့် လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးအတွက် ထီးနန်းနှင့်ရာထူးအာဏာကိုရက်ရက်ရောရော စွန့်လွှတ်တော်မူခဲ့သော မြတ်ဗုဒ္ဓ။
- အမှန်တရား၊ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးတို့အတွက် အရိုးကြေကြေ၊ အရေခန်းခန်း မည်သည့်အကျင့်မျိုးကို မဆို ရက်ရက်ရောရော ကျင့်ဆောင်တော်မူခဲ့သော မြတ်ဗုဒ္ဓ။
- သစ္စာ၊ သန္တိနှင့်ဝိမုတ္တိတို့ကို လမ်းညွှန်ချက်ပေးနိုင်မည်ဆိုလျှင် မည်သည့်ဆရာမျိုးကိုမဆို ချဉ်းကပ်တော်မူခဲ့သည့် မြတ်ဗုဒ္ဓ။
- မည်သည့်ဆရာမျိုးကမျှ သူ၏ရည်မှန်းချက်တို့ကို လမ်းညွှန်ချက်မပေးနိုင်ခဲ့ကြသဖြင့် ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်လမ်းပေါ်မှာ တစ်ယောက်ထီးတည်း လျှောက်လှမ်းခဲ့ရသည့် မြတ်ဗုဒ္ဓ။
- ငြိမ်းချမ်းရေးနှင့်လွတ်မြောက်ရေးကိုပေးမည်ဟု ကြွေးကြော်ကြကုန်သော ရှေးရှေးက ဘာသာရေးဂိုဏ်းဆရာတို့သည် တစ်ဖက်သတ်တယူသန်၊ အစွန်းရောက်တို့ သည်သာရှည်းဟု သိမြင်တော်မူလာသောအခါ 'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ' သစ္စာတရားနှင့် ငြိမ်းချမ်းရေးကို ရှာဖွေသောသူတိုင်းသည် အစွန်းနှစ်ဖက်လွတ်အောင် ရှောင်ရမည်၊ မဇ္ဈိမပဋိပဒါသည်သာလျှင် အကန်းကမ္ဘာ၌ မျက်လုံးကို ပေးလိမ့်မည်၊ ရန်များသော ကမ္ဘာ၌ ငြိမ်းချမ်းရေးကို ပေးလိမ့်မည်၊ ကွဲပြားသောကမ္ဘာ၌ ညီညွတ်မှုကို ပေးလိမ့်မည်၊ အစွဲသန်သော ကမ္ဘာ၌ စွန့်လွှတ်ခြင်းကိုပေးလိမ့်မည်၊ အယူဝါဒနှင့် ကိလေသာအကျဉ်းထောင်၌ ကျရောက်နေကြကုန်သော သတ္တဝါအပေါင်းတို့အတွက် လွတ်မြောက်ခြင်းကိုပေးလိမ့်မည်ဟု တစ်လောကလုံးကို လမ်းညွှန်တော်မူခဲ့သော မြတ်ဗုဒ္ဓ။
- ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါ တစ်စုံတစ်ယောက်ကမျှ ဖော်ထုတ်နိုင်စွမ်း မရှိသော မဇ္ဈိမပဋိပဒါနှင့် စတုသစ္စာတို့ကို ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်ဝီရိယဖြင့် ဖော်ထုတ်တော်မူခဲ့သော မြတ်ဗုဒ္ဓ။
- အမှောင်လမ်းမှာ ယောင်ယမ်းစွာဖြင့် ငြိမ်းချမ်းရာကို ရှာနေကြကုန်သော လူသားတို့အား သင်တို့၏ အတွင်း ကမ္ဘာ၌ရှိသော သစ္စာတရားကို သိမြင်နားလည်ခြင်းသည်သာလျှင် သင်တို့၏ ကိုးကွယ်ရာအစစ်ဟု ညွှန်ပြတော်မူသော မြတ်ဗုဒ္ဓ။
- စမ်းတဝါးဝါးနဲ့လမ်းမှားနေကြကုန်သော လူသားတို့အား သင်တို့ကိုယ်တိုင်ကျင့်သော စရဏနှင့် ကိုယ်တိုင်သိသော ဝိဇ္ဇာသည်သာလျှင် သင်တို့၏ကိုးကွယ်ရာ အစစ်အမှန်ဖြစ်သည်ဟု ညွှန်ပြတော်မူသော မြတ်ဗုဒ္ဓ။
- မသိသူတို့က မမြင်သူတို့ကို ခေါင်းဆောင်ခဲ့သော လူကန်းတို့၏အစဉ်အတန်းကြီး လမ်းသွားသလိုဖြစ်နေသော ကမ္ဘာဦးဘာသာရေး၌ မဇ္ဈိမပဋိပဒါဖြင့် မျက်စိဖွင့်ပေးသော မြတ်ဗုဒ္ဓ။
- သူ၏ဓမ္မစက်ကို စတင်လည့်လည်တော်မူသည်မှစ၍ ယနေ့ထက်တိုင်အောင် လူသားတို့၏ သွေး ကမ္ဘာမြေ၌ တစ်စက်တစ်ပေါက်မျှ မစွန်းထင်းစေခဲ့သည့် မြတ်ဗုဒ္ဓ။
- သက်ဦးဆံပိုင်စနစ်၊ ကျေးကျွန်စနစ်၊ ပြည့်တန်ဆာစနစ်၊ လူကုန်ကူးစနစ်တို့ကို ပြတ်ပြတ်သားသား တွန်းလှန်တော်မူခဲ့သော မြတ်ဗုဒ္ဓ။

(၂)

- မင်းနှင့်ပြည်သူ၊ သူဌေးနှင့် ဆင်းရဲသား၊ သူတော်ကောင်းနှင့် လူမိုက်များ၊ မင်းသမီးနှင့်ပြည့်တန်ဆာ၊ ဗြဟ္မဏနှင့် အမှိုက်ကျုံး သမား၊ မကွဲမပြား မခွဲမခြား တစ်သားတည်းဆက်ဆံတော်မူသော မြတ်ဗုဒ္ဓ။
- Non Aggressive, Non Dogmatic, Non Extremist, Non Theocentric, Realistic, Homocentric, Ethicalistic Teaching ဖြစ်သည့် ဝိဇ္ဇာနှင့် စရဏ မြတ်ဓမ္မကို ဟောကြားတော်မူခဲ့သည့် မြတ်ဗုဒ္ဓ။
- သိဒ္ဓတ္ထဂေါတမသည် ဗုဒ္ဓကလေးလေးအဖြစ် (Little Buddha) မွေးလာသည်မဟုတ်၊ နှစ်ပေါင်းများစွာ ရှည်မြင့်ကြာအောင် ပါရမီအကျင့်တို့ကို ကျင့်သုံးခြင်းဖြင့် သူ့ကိုယ်သူ လူသားအဖြစ်မှ ဗုဒ္ဓအဖြစ်သို့ရောက်အောင် ပြုလုပ်၊ ကြိုးကုတ်၊ အားထုတ်ခဲ့သည့် မြတ်ဗုဒ္ဓ။
- လူသားတစ်ယောက်အဖြစ် မွေးဖွားလာသော မြတ်ဗုဒ္ဓ။
- လူသားတစ်ယောက်ကဲ့သို့ နေသွားသော မြတ်ဗုဒ္ဓ။
- ဒဂ္ဂုရာရီထဲက လူသားမျိုးမဟုတ်သော မြတ်ဗုဒ္ဓ။
- နတ်ဗြဟ္မာ မျိုးနွယ်မဟုတ်သော မြတ်ဗုဒ္ဓ။
- လူသားသာမန်တို့ထက် ထူးမြတ်သော မြတ်ဗုဒ္ဓ။
- လူသားတို့ မကျင့်နိုင်သည့် အကျင့်မြတ်တို့ကို ကျင့်တော်မူသော မြတ်ဗုဒ္ဓ။
- လူသားတို့ နတ်ဗြဟ္မာတို့ မသိနိုင်သည့် ဓမ္မတို့ကို သိတော်မူသော မြတ်ဗုဒ္ဓ။
- သဘောထားကြီးသောအရာမှာ အတုမဲ့ မြတ်ဗုဒ္ဓ။
- သည်းခံသောအရာမှာ အနိုင်းမဲ့ မြတ်ဗုဒ္ဓ။
- စွန့်လွှတ်သောအရာမှာ ပြိုင်ဘက်ကင်းသော မြတ်ဗုဒ္ဓ။

သတ္တဝါလောကကို လမ်းညွှန်ကောင်းပေးဖို့ ရောက်ရှိလာသော မြတ်ဗုဒ္ဓ။

- ကိုယ်တိုင်ကျင့်ထားသော ကိုယ်၏ဓမ္မသည်သာလျှင် ကိုယ့်အတွက်အားကိုးရာ၊ ကိုယ်ကျင့်ထားသောဓမ္မသည် ကိုယ့်ဘဝ၏ လမ်းပြဆီမီးတိုင်၊ ကိုယ်ကျင့်ထားသော ကိုယ့်ဓမ္မသည်သာလျှင် ကိုယ် ကိုယ်တိုင်ကူးဝော်နေရသော ဘဝပင်လယ်မှာ ကိုယ်၏မိုဗိုရာကျွန်း။ ဤသို့လျှင်မိမိကိုယ်ကို မိမိအားကိုးစိတ် 'အတ္တဒီပ၊ အတ္တသရဏ' ဟူသော 'လူ့သတ္တိ' ကို တောက်ပြောင်လာအောင် နှိုးဆော် အားပေးတော်မူသော မြတ်ဗုဒ္ဓ။
- လူ့ဘဝတစ်ခုလုံး၊ လူသားအားလုံးတို့၏ အမြတ်ဆုံးဥစ္စာသည် 'သီလနှင့်ပညာ' ဤနှစ်ဖြာကို ထင်ရှား ပြတော်မူသော မြတ်ဗုဒ္ဓ။
- အမျိုးဇာတ်အားဖြင့် မည်သည့်လူမျိုးမှာမှ အယုတ်၊ အလတ်၊ အမြတ်မရှိ၊ ဝိဇ္ဇာနှင့် စရဏ ပြည့်စုံသူ မည်သည့် လူမျိုး၊ မည်သည့်နိုင်ငံသားမဆို မြတ်သည်သာတည်း။ ဝိဇ္ဇာကိုလည်းကောင်း၊ စရဏကိုလည်းကောင်း၊ (Wisdom and Character) တစ်ခုခုကိုဖယ်ထား၍ လူပီသသော လူ့ဘဝ တစ်ခုကို တည်ဆောက်၍မရနိုင်၊ ထိုနှစ်ပါးပြည့်စုံမှ ဘဝအဓိပ္ပာယ် ပြည့်စုံသည်ဟု အစဉ်မပြတ် ဆုံးမတော်မူလေ့ရှိသော မြတ်ဗုဒ္ဓကွယ်လွန်ခဲ့သည်မှာ ယနေ့နှစ်ပေါင်း ၂၆၄၉ နှစ်ရှိခဲ့လေပြီ။ သူ (မြတ်ဗုဒ္ဓ) သည် ဘာကို မျှယူမသွား၊ သူ့ငြိမ်းချမ်းရေးကို သာ သူယူဆောင်သွားသည်၊ ကမ္ဘာအသရေ့အနန္တသူကျင့် သွားသော စရဏဓမ္မ (ကျင့်နည်းစနစ်) များနှင့် သူ ကိုယ်တိုင်သိခဲ့သည့် ဝိဇ္ဇာဓမ္မ (အမှန်တရားနှင့်ငြိမ်းချမ်းရေး) တို့ကို သူအပြည့်အစုံထားခဲ့ပေသည်။ မြတ်ဗုဒ္ဓ၏ ဝိဇ္ဇာနှင့်စရဏဓမ္မသည်လည်းကောင်း၊ သစ္စာ၊ သန္တိနှင့် ဝိမုတ္တိဓမ္မတို့သည်လည်းကောင်း၊ တစ်စုံတစ်ခုသော လူမျိုး၊ တစ်စုံတစ်ခုသော ဘာသာတရား၊ တစ်စုံတစ်ခုသော တိုင်းပြည်အတွက် ကွက်၍ဟောထားခဲ့သည်မဟုတ်ပါ၊ ဤဝိဇ္ဇာနှင့်စရဏမြတ်ဓမ္မသည် အကောင်းမြင်ဝါဒလည်းမဟုတ်၊ အဆိုးမြင်ဝါဒလည်းမဟုတ်၊ အရှိနှင့် အမှန်ကို ရှာကြည့် သိမြင်ရမည့် ဝါဒဖြစ်သည်၊ တစ်ယူသန် တစ်ဖက်သတ် အမျိုးဇာတ်စွဲသော ဝါဒမျိုးလည်းမဟုတ်၊ သန့်ရှင်း မြင့်မြတ်သော စိတ်ဓာတ်ရှိသူတိုင်း၊ ပိုင်ဆိုင်ခွင့်ရှိသော ဝါဒမျိုးဖြစ်သည်၊ ဗုဒ္ဓနှင့်ဓမ္မကို ဗုဒ္ဓဘာသာဝင်တို့သာ ပိုင်ဆိုင်ကြသည်မဟုတ်ပါ၊ တတ်သိယဉ်ကျေးသော လူသားတို့၏ သမိုင်းကြီးတစ်ခုလုံးက ပိုင်ဆိုင်ကြပါသည်။
- မြတ်ဗုဒ္ဓထားခဲ့သော ဝိဇ္ဇာနှင့် စရဏသည်လူသားအားလုံးတို့၏ Common Ground ဖြစ်ပါသည်။
- မြတ်ဗုဒ္ဓထားခဲ့သော သီလနှင့်ပညာသည် လူသားအားလုံးတို့၏ Common Platform ဖြစ်ပါသည်။

(၃)

- မြတ်ဗုဒ္ဓထားခဲ့သော သစ္စာနှင့် သန္တိသည် လူသားအားလုံးတို့၏ Common Destination ဖြစ်ပါသည်။
- နေမင်းနှင့်တူသော သူ၏ပညာရောင်ဖြင့် လောကကြီးတစ်ခုလုံးကို နွေးထွေးသည့် အလင်းရောင်ပေးတော်မူသော မြတ်ဗုဒ္ဓ။
- လမင်းနှင့်တူသော သူ၏မေတ္တာ၊ ကရုဏာဖြင့် လောကကြီးတစ်ခုလုံးကို အေးမြသောရောင်ခြည် ပေးတော်မူသော မြတ်ဗုဒ္ဓ။
- ဤဆိုအပ်ခဲ့ပြီးသည့်ဂုဏ်တော်၊ ကျေးဇူးတော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ပြိုင်ဘက်ရည်တူ ရှိတော်မမူသည့် အခြေနှစ်ချောင်းရှိသည့် သတ္တဝါအပေါင်းတို့၏ဆရာ မြတ်ဗုဒ္ဓကို ကျွန်ုပ်တို့သည် အလွန်ရှိသေစွာ အစဉ်သဖြင့် ဦးညွှတ် ရှိခိုးကြပါကုန်၏။
- တစ်ဖက်သတ်ကျသော ဤကမ္ဘာမှာ အလယ်လမ်းက လျှောက်လှမ်းကြပါစို့၊
- မုသားလွှမ်းသော ဤကမ္ဘာမှာ သစ္စာတရား လက်ကိုင်ထားကြပါစို့၊
- စွဲလမ်းမှုတွေများသော ဤကမ္ဘာမှာ စွန့်လွှတ်ခြင်းဖြင့် နေထိုင်ကြပါစို့၊
- ရန်ငြိုးဖွဲ့တတ်သော ဤကမ္ဘာမှာ မေတ္တာတရားဖြင့် ဖြေရှင်းကြပါစို့၊
- ရန်များသော ဤကမ္ဘာမှာ မည်သူ့ကိုမျှ ရန်မပြုဘဲ နေထိုင်ကြပါစို့၊
- မငြိမ်းချမ်းသောဤကမ္ဘာမှာ ငြိမ်းချမ်းစွာ နေထိုင်ကြပါစို့၊
- နှစ်တစ်ရာမပြည့်မီမှာဘဲ ဘဝတစ်ခု ကုန်ဆုံးကြရမည့် ကျွန်ုပ်တို့တစ်တွေသည် တိုတောင်းလှစွာသော ဘဝကလေးတစ်ခု အတွင်းဝယ် ငြိမ်းချမ်းစွာ နေထိုင်သွားကြပါစို့၊
- မြတ်ဗုဒ္ဓကွယ်ခဲ့သည်မှာ နှစ်ပေါင်း ၂၆၄၉ နှစ်ရှိခဲ့သော်လည်း သူညီထွန်းထားခဲ့သည့် 'ဓမ္မဒီပိကာ' ဓမ္မဆီမီးတိုင်သည် အာရှတိုက်မှာသာမက၊ ကမ္ဘာတစ်ခုလုံးလင်းလင်းတောက်လျက် ကျွန်ုပ်တို့လျှောက်ရမည့် ငြိမ်းချမ်းရေးလမ်းကြောင်းကို ကောင်းကောင်း ညွှန်ပြ ထွန်းလင်းပလျက်ရှိနေပါသေးသည်။ ကမ္ဘာသူ ကမ္ဘာသား အားလုံး ဤ 'ဝိဇ္ဇာနှင့်စရဏ' ဟူသော Common Platform ပေါ်မှာ လက်တွဲ၍ ငြိမ်းချမ်းစွာ လျှောက်လှမ်းနိုင်ကြပါစေကုန်သတည်း။

သီတဂူစန်းလပမာချမ်းမြသာယာရှိကြပါစေ။

သောဠသမရွှေကျင်သာသနာပိုင်

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ

အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

သီတဂူ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်းတောင်ရိုး)

၂၆၄၉ နှစ်မြောက် ဗုဒ္ဓနေ့ (၁၁ - ၅ - ၂၀၂၅)

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

သုတေသနနှင့် ကျမ်းပြုဌာန ၊ စစ်ကိုင်းတောင်

(၄)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲဖျော်ဖြေမှု ကြည့်ရှုအားပေး

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲဖျော်ဖြေမှု ကြည့်ရှုအားပေးစဉ်။

ရန်ကုန် မေ ၁၀

ငလျင်ဘေးဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲဖျော်ဖြေမှုကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူများ ကြည့်ရှုအားပေးကြသည်။

တစ်မိနစ်ငြိမ်သက်ဆုတောင်း

ရန်ပုံငွေ ပဒေသာကပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဖျော်ဖြေမှုအစီအစဉ်များကို စတင်ရာ ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်မှုနှင့် ထောက်ပံ့ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသပြီး ငလျင်ဘေးဒဏ်တွင် ထိခိုက်သေဆုံးခဲ့သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာ ပို့သကြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာမည်ကျော် အနုပညာရှင်များ၏ ရုပ်ရှင်တေးသီချင်းများဖြင့် လည်းကောင်း၊ အောင်ခင်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်တင်ဆက်သည့် ဒါရိုက်တာသန်းထိုက်(ရွှေရိပ်)၊ သရုပ်ဆောင်များဖြစ်ကြသည့် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ မင်းတော်ဝင်၊ ခင်ဇာခြည်ကျော်၊ အေးဝတ်ရည်သောင်း၊ မမဆောင်းနှင့် သရုပ်ဆောင်များစွာပါဝင်သော "အချစ်ဆုံးအပေါင်ဆိုင်" ဟာသတစ်ခန်းပြဇာတ်ဖြင့် လည်းကောင်း၊ HEY Play Application က စီစဉ်တင်ဆက်သည့် ဒါရိုက်တာတင်မောင်ဆန်းမင်းဝင်း၏ နက္ခတ်၊ စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ နော်ဖောအယ်ထား၊ မေပန်းချီ၊ မေလသံစဉ်နှင့် သရုပ်ဆောင်များစွာပါဝင်သော"ပြည်သူ့အချော့တော်" တေးသရုပ်ဖော်ပြဇာတ်ဖြင့်လည်းကောင်း၊ ဘိုဘို ရုပ်ရှင်ထုတ်လုပ်ရေးနှင့် Triple Six ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် ဒါရိုက်တာ စိုးမိုးမင်း၊ သက်ဦးမောင်၊ သရုပ်ဆောင်ကောင်းမြတ်စံ၊ ရှင်မွေလ၊ မင်းဘုန်းမြတ်၊ ခြူးလေး၊ ခြူးစစ်ဟန်တို့နှင့် သရုပ်ဆောင်များစွာ ပါဝင်သော "ငါတို့အားလုံးလူ… အတူတူ" ပြဇာတ်ဖြင့် လည်းကောင်း၊ ဒါရိုက်တာညိုမင်းလွင်၏ ရန်အောင်၊ သားညီ၊ မာန်ဟိန်း၊ စည်သူမောင်၊ မြယာတို့နှင့် သရုပ်ဆောင်များစွာ ပါဝင်သော "ဖုတ်သွင်းရထား" ပြဇာတ်ဖြင့် လည်းကောင်း၊ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ သရုပ်ဆောင်နေတိုး၊ ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ ရဲလေးနှင့် သရုပ်ဆောင်များ၊ အကအဖွဲ့များ ပါဝင်သည့် "မနက်ဖြန်များ လှပါစေ" တေးအော်ပရာဖြင့် လည်းကောင်း ဝေဝေဆာဆာဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အလှူငွေများ ထည့်ဝင်

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေ ပဒေသာကပွဲကြီးတွင် သဒ္ဓါတရား ထက်သန်ကြသည့် ပြည်သူများက ငလျင်ဒဏ်သင့်ပြည်သူများ အတွက် အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။ မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ်(၁၈-A) ၌ စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်ခန်းမ၌ Myanmar Land & Development Ltd Project Director ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အအုံ ရာခိုင်နှုန်းအလိုက် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသော စာဆိုဗိမာန်သည် နိုင်ငံတကာ အထောက်အပံ့ဖြင့် တည်ဆောက်နေသည့် တစ်ခုတည်းသော စာဆိုဗိမာန်ကြီး တစ်ခုဖြစ်ပြီး ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံဖြစ်ရန်နှင့် တည်ဆောက်မှုတွင် မြန်ဆန်မှန်ကန်စွာ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံသည် စာဆိုဗိမာန်အင်္ဂါရပ်နှင့်အညီ လာရောက်လေ့လာသူများ စိတ်ဝင်တစား ကြည့်ရှုခံစားနိုင်ရန် ပြင်ဆင်စုဖွဲ့ တည်ဆောက်ထားရန်လိုအပ်ကြောင်း မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေဈေးရောင်းပွဲတော်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

တက်ရောက်အားပေး

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ The Central Boulevard ၏ Public Area Zone ၌ ကိုရီးယားနိုင်ငံမှ လာရောက်စီစဉ်ကျင်းပသည့် **"ငလျင်ဘေးသင့် ဒေသများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲ"** ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် ကိုရီးယား - Seak dong အနုပညာယဉ်ကျေးမှုစင်တာ၊ ဆိုးလ်ခရိုင်ခွဲ၊ KK Media နှင့် CST Myanmar ကုမ္ပဏီ၊ ကိုရီးယားနိုင်ငံ ဆိုးလ်အထူးမြို့၊ K Tourism Council နှင့် ဂျုံးနိုးခရီးသွားလာရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ K pop အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများက **"ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲ"** ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကိုရီးယားရိုးရာ တူရိယာပညာရှင် Ms. Han Chae Wan က တီးခတ်ဖျော်ဖြေပြီး Solo Artist Henny က K-pop danceဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားသည်။

K pop အဖွဲ့များ ဖျော်ဖြေတင်ဆက်

ယင်းနောက် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်အမတ် Mr. Kim Yong Ho က ပေးပို့သည့် Video Message ကို ဖွင့်လှစ်ပြသသည်။ ထို့နောက် ကိုရီးယားနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းကောင်စီ(K Tourism) ၏ ဥက္ကဋ္ဌ Mr. Song Chang Yong က နှုတ်ခွန်းဆက်ပြောကြားပြီး ကိုရီးယားနိုင်ငံ KK Media (မြန်မာ) ၏ Director Mr. Cho Sung Woo က "ငလျင်ဘေးသင့် ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲ" ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကိုရီးယားနိုင်ငံမှ K pop အဖွဲ့များ ဖြစ်ကြသည့် "Girls Alert"၊ "Layers Dance အဖွဲ့နှင့် Dream Kids" အဖွဲ့တို့က ဆက်လက်၍ ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ကိုရီးယား K Tourism Council မှ ဥက္ကဋ္ဌ Mr. Song Chang Yong တို့က ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ကိုရီးယားအနုပညာရှင်များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ဈေးရောင်းပွဲတော်အတွင်း ကိုရီးယားရိုးရာ အစားအစာများ ရောင်းချရန်နှင့် ရိုးရာကစားနည်းများတွင် ပါဝင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ငလျင်ဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေပွဲကို ကိုရီးယား- Seak dong ယဉ်ကျေးမှုစင်တာ၊ ဆိုးလ်ခရိုင်ခွဲ၊ KK Media နှင့် CST Myanmar ကုမ္ပဏီတို့ ပူးပေါင်း၍ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိတစ်ကြိမ်နှင့် ညနေ ၄ နာရီမှ ည ၉ နာရီအထိ တစ်ကြိမ် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ကိုရီးယားအစားအစာများကို သင့်တင့်သည့် ဈေးနှုန်းဖြင့် ရောင်းချသွားမည့်အပြင် ကိုရီးယားရိုးရာကစားနည်းများကိုလည်း အခမဲ့ဝင်ရောက်ကစားနိုင်ရေး ထည့်သွင်းထားရှိကြောင်း၊ ထို့ပြင် ကိုရီးယားနိုင်ငံတွင် ကြယ် (၂)ပွင့်မှ ကြယ်(၄)ပွင့်အဆင့်အထိ ရရှိထားကြသည့် K Pop အဖွဲ့များ၏ ဖျော်ဖြေမှုများနှင့် "ကြယ်များရဲ့ ဥယျာဉ်" Animation ရုပ်ရှင်နှင့် "ပေါင် ၂၀၀ အလှ" ရုပ်ရှင်များကိုလည်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်မှ ရရှိလာမည့်ငွေများကို မေ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် ညောင်ရေသွန်းပွဲတော်

မောင်သောင်းဝင်း(တမန်ဟောင်း)

ကဆုန်လသည် အပူခာတ်လွန်ကဲသောလဖြစ်သည်။ မြစ်ချောင်း အင်းအိုင်များ ရေခန်းခြောက်ချိန် ဖြစ်သည်။ သို့ရာတွင် မုတ်သုံမိုး တစ်ပြိုက်၊ နှစ်ပြိုက် ရွာသွန်းတတ်သဖြင့် မိုးရေစွတ်စိုသော မြေပြင်သည် တစ်မူထူးခြားသော မြေသင်းနံ့သင်းပျံ့ပျံ့ကို ရှူရှိုက်ရသောလလည်းဖြစ်သည်။ ရှေးမြန်မာများက ကဆုန်အတွင်း မြေသင်းပျံ့ပျံ့ မိုးနံ့နံ့ဟု ဆိုရိုးပြုခဲ့ကြသည်။ ကဆုန်လတွင် နေအပူရှိန် အပြင်းထန်ဆုံး အချိန်ဖြစ်သောကြောင့် တချို့သော ဒေသများတွင် ရေရှားပါးပြတ်လတ် ခန်းခြောက်မှုများ ကြုံတွေ့ကြရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်ကို ရည်မှန်းကာ ဗောဓိပင်အပွားတော်များကို သဒ္ဓါတရားထက်သန်စွာဖြင့် ရေစင်သွန်းလောင်းလေ့ရှိကြသည်။ ထို့အပြင် ကဆုန်လပြည့်နေ့ကို ကဆုန်ညောင်ရေသွန်းပွဲတော်အခါသမယနေ့ ဟုလည်း ခေါ်လေ့ရှိကြသည်။

ကဆုန်လသည် မြန်မာတစ်ဆယ့်နှစ်လတွင် ဒုတိယလဖြစ်၍ ပြိဿရာသီနှင့်တူညီသည်။ ကဆုန်လကို မြန်မာမှုအရ ပြိဿရာသီခေါ်၍ ထိုလတွင် စန်းပြည်နက္ခတ်မှာ ဝိသာခါနက္ခတ် ဖြစ်သည်။ ယှဉ်သော တာရာမှာ တံငါတာရာဖြစ်သည်။ ရာသီရုပ်မှာ နွားထီးရုပ်ဖြစ်သည်။ ရာသီပန်းကား စံကားပန်းဖြစ်၍ ရာသီပွဲတော်ကား ညောင်ရေသွန်းပွဲတော်ဖြစ်သည်။ ကဆုန်ကို ပုဂံခေတ်ကျောက်စာများတွင် ကုဆုန်ဟုရေးထိုးထားသည်။ ထိုမှတစ်ဆင့် ကဆုန်ဟူ၍ ရေးသားလာခြင်းဖြစ်သည်။ ကု၊ က၏ အနက်အဓိပ္ပာယ်သည် ရေဖြစ်သည်။ ဆုန်၏ အနက်အဓိပ္ပာယ်သည် သွန်းလောင်းခြင်းဖြစ်သည်။ ထို့ကြောင့် ကဆုန်လကို ရေသွန်းလောင်းလ၊ ရေလောင်းလဟု အဓိပ္ပာယ်ကောက်ယူနိုင်ပေသည်။

“ကဆုန်နယုန်ဆွေ့ဆွေ့ခုန်” ဆိုသည့်အတိုင်း ကဆုန်လ၏ အပူချိန်သည် လွန်စွာပင်ပူပြင်းလှပါသည်။ မေလအတွင်း တချို့သောဒေသများ၌ အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်အထိပင် ရှိနေပြီဖြစ်သည်။ ထိုသို့အပူချိန်မြင့်မားလာမှုကြောင့် တချို့သော ဒေသများတွင် သောက်သုံးရေရှားပါးသော်လည်း အလှူဒါနရက်ရောကြသည့် မြန်မာလူမျိုးတို့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ရေကို ရနိုင်သည့်နေရာမှ ပင်ပန်းကြီးစွာ သွားရောက်ခပ်ယူကာ မဟာဗောဓိညောင်ပင်အားကုသိုလ်ဖြစ် ရေလောင်းလှူကြပါသည်။ ရှေးယခင်ကတည်းက ကျေးရွာ၊ ရပ်ကွက်အလိုက် ဘုရား၊ ကျောင်းကန်များရှိ မဟာဗောဓိညောင်ပင်များကို စုပေါင်းရေလောင်းလှူကြသည့် ဓလေ့သည် မြန်မာလူမျိုးတို့၏ ကောင်းမွန်သော အလေ့အထတစ်ခုပင် ဖြစ်သည်။

မြတ်စွာဘုရားအလောင်းတော်သည် ယခုလို ပူပြင်းလှသည့်နွေရာသီတွင် ဒီပင်္ကရာဘုရားရှင်ထံ ဗျာဒိတ်တော်ခံယူပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်ဖြည့်ကျင့်ခဲ့ရသည်။ ထိုကာလများတွင် မြတ်စွာဘုရားအလောင်းတော်သည် ဘဝပေါင်းများစွာကို ဖြတ်သန်းခဲ့ရပြီး အသက်၊ သွေး၊ ချွေးများစွာကို စွန့်လွှတ်ခဲ့ရသည်။ အထူးသဖြင့် သာမန်ပုထုဇဉ်လူသားတို့ပြုနိုင်ခဲသော ခန္တီပါရမီကို ဖြည့်ကျင့်နိုင်မှုပင်ဖြစ်သည်။ အလှူအတန်းနှင့်ပတ်သက်၍ ဇနီး၊ သား၊ သမီးများ အပါအဝင် မိမိအသက်ကိုပင် ဘဝပေါင်းများစွာ၌ စွန့်လွှတ်လှူဒါန်းနိုင်ခဲ့ပေသည်။

“ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ နိဗ္ဗာန်ကြွတော်မူ” ဆိုသည့်အတိုင်း ကဆုန်လပြည့်ဗုဒ္ဓနေ့သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ နေ့တစ်နေ့ပင်ဖြစ်သည်။ ထိုနေ့တွင် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ်ကေန်ဖြစ်မည်ဟု ဗျာဒိတ်ခံယူရရှိခြင်း၊ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့ (သောကြာနေ့)တွင် ဘုရားအလောင်းတော်အား

❝ ကဆုန်လပြည့်နေ့သည် မြတ်ဗုဒ္ဓ၏ဘဝဖြစ်စဉ်များနှင့် ဆက်စပ်မှုများ ရှိနေသောကြောင့် ဗုဒ္ဓနေ့ဟုပင် တင်စားခေါ်ဝေါ်လျက်ရှိသည်။ မြန်မာလူမျိုးတို့သည် နှစ်စဉ်ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာကို ရည်မှန်းလျက် ဖွားဖက်တော် မဟာဗောဓိညောင်ပင်ကို အမွှေးနံ့သာရည်များဖြင့် ညောင်ရေသွန်းလောင်းလေ့ရှိသည်။ ထိုဗုဒ္ဓနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများရှိ ဗောဓိညောင်ပင်များတွင် ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားလျက်ရှိ ❞

ဖွားမြင်တော်မူခြင်း၊ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓဟူးနေ့)တွင် သစ္စာလေးပါးကို သိမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ (အင်္ဂါနေ့)တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းနှင့် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း စသည့်အကြောင်းတရားလေးပါးနှင့် ပြည့်စုံတော်မူသော နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

ကဆုန်လသည် သက္ကတ၊ ပါဠိ၊ ဟိန္ဒီဘာသာတို့တွင် ‘ဝိသာခါ’ Vesaka ဖြစ်၍ ဝိသာခါနက္ခတ်နှင့် ယှဉ်သောလဖြစ်သည်။ သီဟိုဠ်ဘာသာဖြင့်အသံထွက်တွင် Vesak ဟူ၍ဖြစ်ရာ ယင်းအသံထွက်ကိုလိုက်၍ ကဆုန်လပြည့်နေ့ကို Vesak Day ဟု အနောက်နိုင်ငံသားတို့က ခေါ်ဆိုကြသည်။ ၁၉၉၉ ခုနှစ် (၅၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံအစည်းအဝေး ဆုံးဖြတ်ချက်အရ ကဆုန်လပြည့်ဗုဒ္ဓနေ့ကို အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက် Vesak Universal Holiday အဖြစ် သတ်မှတ်ပေးခဲ့သည်။

မြတ်စွာဘုရား၏ မိခင် သီရိမဟာမာယာဒေဝီမိဖုရားကြီးသည် ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်နေချိန်တွင် မွေးရပ်မြေ ဒေဝဒဟပြည်ရှိ ဆွေမျိုးများထံသို့ ပြန်ပြီး ဘုရားလောင်းအား မီးဖွားသန့်စင်လိုသဖြင့် ကပိလဝတ်တိုင်းပြည်မှ ထွက်ခွာခဲ့ပါသည်။ ဘုရားလောင်း၏ဖခင် သုဒ္ဓေါဒနမင်းကြီးသည် မယ်တော်မာယာအား ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်နေသဖြင့် ထိုသို့ခရီးရှည်မသွားရောက်ရန် အကြိမ်ကြိမ် တားဆီးခဲ့ပါသည်။ သို့ရာတွင် မိဖုရားကြီး၏ ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် နောက်ဆုံးတွင် ဆွေမျိုးများထံသို့ သွားရောက်ရန်ခွင့်ပြုပေးခဲ့ရသည်။ မင်းကြီးထင်ထားသည့်အတိုင်းပင် ဘုရားအလောင်းတော်ကို လမ်းခုလပ်တွင် လုမ္ဗိနီအမည်ရှိ အင်ကြင်းဥယျာဉ်၌ ဖွားမြင်တော်မူခဲ့သည်။ ထို့ကြောင့် ဘုရားအလောင်းတော်ကို ယခုလို ပူပြင်းသည့်နွေရာသီ ကဆုန်လ၌ပင် ဖွားမြင်တော်မူခဲ့ခြင်းဖြစ်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ၁၆ နှစ်အရွယ်တွင် ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ မင်းစည်းစိမ်ကို နွေ၊ မိုး၊ ဆောင်း နန်းဆောင်သုံးခု၌ ၁၃ နှစ်ကြာ စံမြန်းတော်မူခဲ့သည်။ ထို့နောက် ဥယျာဉ်တော်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါးတို့ကို မြင်တွေ့ပြီးနောက် မအို၊ မနာ၊ မသေသော လမ်းစဉ်ကို ရှာဖွေရန်အတွက် တောထွက်တော်မူခဲ့သည်။ တောရပ်မြိုင်တွင် ခြောက်နှစ်ကြာ ဒုက္ကရစရိယာကျင့်ပြီး သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကို သိမြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်သည်။ မလျှော့သောဇွဲလုံ့လဖြင့် စဉ်ဆက်မပြတ် အားထုတ်ကျင့်ကြံခဲ့ခြင်းကြောင့်သာ ချစ်ချစ်တောက်ပူပြင်းလှသည့် ကဆုန်နေရောင်အောက်တွင် သစ္စာလေးပါးကို သိမြင်တော်မူသော သုံးလောကထွတ်ထား မြတ်ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည့်နေ့မှစပြီး သတ္တဝါများကို ကယ်တင်နိုင်ရန်အတွက် ညဥ့်အချိန်တွင် နှစ်နာရီခန့်သာ သတိတရားဖြင့် တရားမှတ်အနားယူခဲ့သည်မှလွဲ၍ လူ၊ နတ်၊ ဗြဟ္မာတို့အား ၄၅ ဝါတိုင်တိုင် အချိန်ပြည့် တရားတော်များ ဟောကြားသွန်သင်ဆုံးမခဲ့သည်။ ထိုသို့ ကရုဏာကြီးမားစွာဖြင့် သွန်သင်ဆုံးမဟောကြားနေရာမှ သက်တော် ၈၀ ပြည့်သည့်အချိန် သက္ကရာဇ် ၁၄၈ ခုနှစ်က ဆုန်လပြည့်နေ့ (အင်္ဂါနေ့) တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ မြတ်စွာဘုရားနှင့် ဆက်စပ်သော ထူးခြားသည့်ဖြစ်စဉ်များသည် ကဆုန်လပြည့်နေ့တွင် အများဆုံးဖြစ်ခဲ့သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာများအတွက် အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

ဆိုရလျှင် နှစ်စဉ်ကဆုန်လပြည့်နေ့သည် ဗုဒ္ဓနေ့ပင်ဖြစ်သည်။ ထိုနေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများအတွက် ထူးခြားလေးနက်သော နေ့တစ်နေ့ဖြစ်သည်။ အကြောင်းမူကား ဘုရားအလောင်းတော်သည် လွန်ခဲ့သော သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကို သိမြင်တော်မူပြီး မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ မြတ်စွာဘုရားအလောင်းတော်သည် ယခုလို ပူပြင်းခြောက်သွေ့သော နွေရာသီအပူချိန်အောက်တွင် သစ္စာလေးပါး တရားထူးတရားမြတ်ကို ထိုးထွင်းသိမြင်နိုင်အောင် ကျင့်ကြံအားထုတ်ခဲ့ရသည်။ ဘဝပေါင်းများစွာ ကျင့်ကြံအားထုတ်ခဲ့ရသော ပါရမီအဟုန်တို့ကြောင့် မာရ်နတ်နှောင့်ယှက်နေသည့်ကြားမှပင် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်ဝယ် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်နိုင်ခဲ့သည်။ ထိုအကြောင်းတရားများကြောင့် မြန်မာလူမျိုးတို့သည် ကဆုန်လပြည့်နေ့ကို အမြတ်ဆုံးနေ့အဖြစ် သတ်မှတ်ထားကြခြင်းဖြစ်သည်။

အမှန်တော့ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော် ခုနစ်ပါးတွင် မဟာဗောဓိညောင်ပင်လည်း ပါရှိသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်ပိုင်း မဟာဗောဓိညောင်ပင်ကို မြတ်စွာဘုရားအား ရည်မှန်းကာ နှစ်စဉ်ကဆုန်လပြည့်နေ့တွင် အမွှေးနံ့သာများဖြင့် ညောင်ရေသွန်း ကုသိုလ်ပြုကြခြင်းဖြစ်သည်။ ညောင်ရေသွန်းပွဲတော်ကို ပုဂံခေတ်ကတည်းက ကျင်းပခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာလူမျိုးတို့သည် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်များအား တောရောမြို့ပါ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ နိုင်ငံတစ်ဝန်းတွင် ကျင်းပသည့် ကဆုန်ညောင်ရေသွန်းပွဲတော်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလျက်ရှိသည်။ ထိုမြင်ကွင်းများကို တွေ့ရမြင်ရသည်မှာ ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက် များစွာပီတိဖြစ်ရပါသည်။

ထိုသို့ ထူးမြတ်သည့်ဗုဒ္ဓနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုး၊ ရိပ်သာများတွင် ဥပုသ်သီတင်းသီလဆောက်တည်သူများ၊ ဒါန၊ သီလ၊ ဘာဝနာပွားများသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ နှစ်စဉ်ကဆုန်လပြည့်နေ့တွင် အစိုးရရုံး၊ ဌာနများအား ပိတ်ပေးထားသဖြင့် နိုင်ငံ့ဝန်ထမ်းများသည်လည်း အခြားပြည်သူများနည်းတူ ဘုရား၊ကျောင်းကန်များသို့ သွားရောက်ကာ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းတို့ကို လွတ်လပ်စွာ ပြုလုပ်ပွားများ လှူဒါန်းနိုင်ကြပါသည်။

မြန်မာလူမျိုးတို့သည် ကဆုန်လပြည့်နေ့တွင် ယဉ်ကျေးသိမ်မွေ့သော ဝတ်စားဆင်ယင် ထုံးဖွဲ့မှုမျိုးဖြင့်သာ ညောင်ရေသွန်းပွဲတော်သို့ သွားရောက်လေ့ရှိကြသည်။ ထိုနေ့တွင် ဘုရား၊ စေတီပုထိုးများ၌ ညောင်ရေသွန်းပွဲတော်သို့ လာရောက်ကုသိုလ်ပြုကြသည့် အလှူရှင်များနှင့် ပြည့်နှက်နေလျက်ရှိသည်။ ထိုသို့လာရောက်ကုသိုလ်ပြုကြသည့် အသက်အရွယ်ပေါင်းစုံသည် ယောဂီအရောင် ထဘီ၊ ပုဆိုးနှင့် အဖြူရောင်အင်္ကျီသန့်သန့်ကလေးများကိုသာ ဝတ်ဆင်ထားကြသည့်အပြင် ယောဂီရောင်တဘက်ကလေးများကိုပါ ခြုံထားသည့် မြင်ကွင်းကလည်း ကြည့်ရ၊ မြင်ရသူများ၏ရင်ကို အေးမြစေပါသည်။

ဆိုရလျှင် ကဆုန်လပြည့်နေ့သည် မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များနှင့် ဆက်စပ်မှုများရှိနေသောကြောင့် ဗုဒ္ဓနေ့ဟုပင် တင်စားခေါ်ဝေါ်လျက်ရှိသည်။ မြန်မာလူမျိုးတို့သည် နှစ်စဉ်ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာကို ရည်မှန်းလျက် ဖွားဖက်တော် မဟာဗောဓိညောင်ပင်ကို အမွှေးနံ့သာရည်များဖြင့် ညောင်ရေသွန်းလောင်းလေ့ရှိသည်။ ထိုဗုဒ္ဓနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများရှိ ဗောဓိညောင်ပင်များတွင် ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ထို့ပြင် ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများတွင်လည်း ဥပုသ်သီတင်းသီလဆောက်တည်သူများ၊ တရားအားထုတ်သူများနှင့် ပြည့်နှက်လျက်ရှိသည်။

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ဗုဒ္ဓ၏ဖြစ်တော်စဉ်များ ပြည့်နှက်လွှမ်းခြုံလျက်ရှိသည့် ထူးခြားလေးနက် ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် မြတ်ဗုဒ္ဓ၏ ဖွားဖက်တော် မဟာဗောဓိညောင်ပင်အား ရေသွန်းလောင်းရင်း ဒါန၊ သီလ၊ ဘာဝနာများ ပွားများကာ ကောင်းမှုကုသိုလ်အစုစုကို ဆတက်ထမ်းပိုး ပြုလုပ်သွားကြပါစို့ဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

သစ်တောသစ်ပင်များထိန်းသိမ်းကာကွယ်ရေး၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှု လျော့ချရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မေ ၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးဒေသရှိ သတ္တုလုပ်ကွက်များသို့ရောက်ရှိရာ တာဝန်ရှိသူများက နှစ်အလိုက် သတ္တုထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုအခြေအနေများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာနနှင့် နည်းပညာမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ သတ္တုရောရာ ကုန်ကြမ်း တင်ပို့ခြင်းအစား ပြည်တွင်း၌ သန့်စင်စက်ရုံ တည်ဆောက်၍ သန့်စင်ပြီး သတ္တုများ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး သတ္တုလုပ်ကွက်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တာချီလိတ်မြို့ မြို့တော်ခန်းမတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှု လျော့ချရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် လူသားတို့၏ကျန်းမာရေးအပေါ် သက်ရောက်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက သစ်တောများမှ ပံ့ပိုးပေးသော အကျိုးကျေးဇူးများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး "မမြင်နိုင်သော လူသတ်သမား PM 2.5" ပညာပေးဗီဒီယိုကို ပြသသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ရှိ လွယ်ခမ်းလုံ သတ္တုသန့်စင်စက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက သတ္တုသန့်စင်စက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့နယ်ရှိ ဟောင်လိတ်သစ်တောပျိုးဥယျာဉ်သို့ သွားရောက်၍ ကွက်လပ်ဖြည့်နှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် သစ်မျိုး ၁၀ မျိုးဖြင့် ပျိုးပင် ၆၃၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအခြေအနေနှင့် တောမီးလောင်ကျွမ်းမှုကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် မီးသတ်ကားများ အရန်သင့်ထားရှိမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြစ်ကြီးနားမြို့၌ ရေဘေးရှာဖွေကယ်ဆယ်ရေးအတွက် စုဖွဲ့၍ပြင်ဆင်လေ့ကျင့်

မြစ်ကြီးနား မေ ၁၀

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနား မြို့ စီတာပူရပ်ကွက်နှင့် သီတာ ရပ်ကွက်အကြားရှိစီတာပူတံတား၌ မီးသတ်တပ်ဖွဲ့ဝင်များဦးစီးသည့် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှု ကူညီရေး အသင်းအဖွဲ့ဝင်များ ပါဝင်သည့် ရေဘေးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့စု (၁)အဖြစ် စုဖွဲ့၍ လူအင်အား၊ စက်/ယာဉ်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ကွပ်ကဲမှုရုံးများဖွင့်လှစ်၍ ကြိုတင်လေ့ကျင့်ပြင်ဆင်ဆောင်ရွက်နေမှုများကို ယနေ့ နံနက် ၈ နာရီက သွားရောက်ကြည့်ရှု၍ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်က အားပေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေဘေးကယ်ဆယ်ရေး စုရပ်နေရာ (၂)အဖြစ် ကျွန်းပင်သာဆိပ်ကမ်း၌ လူအင်အား၊ စက်/ယာဉ် အင်အား၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် စုဖွဲ့၍ ရေဘေးရှာဖွေကယ်ဆယ်ရေး ကွပ်ကဲမှုရုံးဖွင့်လှစ် ဆောင်ရွက်ထားရှိမှု၊ ယာယီ Camp တဲများ ဆောက်လုပ်ထားရှိမှုများကို လည်းကောင်း၊ ရေဘေးကယ်ဆယ်ရေး စုရပ်နေရာ(၃)အဖြစ် လယ်ကုန်းရပ်ကွက်နှင့် ကြက်ပေါင်ခြံရပ်ကွက်အကြား နှစ်စဉ် မိုးရွာသွန်းပြီး ရေကြီးနစ်မြုပ်လေ့ရှိသည့် နေရာဖြစ်သည့် အောင်တံတားနေရာ၌ ရေဘေးရှာဖွေကယ်ဆယ်ရေးတပ်စု (၃)အဖြစ် စနစ်တကျ စုဖွဲ့လေ့ကျင့်နေမှုများကို လည်းကောင်း၊ ထိုမှတစ်ဆင့် ရေဘေးကယ်ဆယ်ရေး စုရပ်နေရာ (၄)အဖြစ် လယ်ကုန်းရပ်ကွက်နှင့် ကြက်ပေါင်ခြံ ရပ်ကွက်အကြား မနော၌ပိန်တံတား နေရာတွင် လည်းကောင်း ရှာဖွေကယ်ဆယ်ရေးတပ်စု (၄) အဖြစ် စနစ်တကျ စုဖွဲ့ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု အားပေးကြပြီး တပ်ဖွဲ့စုများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ပြည်နယ် ဝန်ကြီးချုပ်က အဆိုပါရပ်ကွက်များသည် မြေနိမ့်နေရာများဖြစ်သည့်အပြင် မူလဖြစ်ပေါ်လျက်ရှိသည့် ရေဝင်မြောင်းများအတွင်း နေအိမ်ဆောက်လုပ်မှု၊ ကျူးကျော်မှုများ မရှိစေရေးနှင့် ကူညီကယ်ဆယ်ရေးယာဉ်များ အလွယ်တကူဝင်/ထွက်သွားလာနိုင်အောင် ပြင်ဆင်ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း (၄)ကြိမ်မြောက် ဘက်စုံသဘာဝဘေးကြိုတင်သတိပေးခြင်းဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံ တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၁၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မေ ၈ ရက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပလျက်ရှိသည့် (၄)ကြိမ်မြောက် ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးခြင်းဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံ (4th RIMES Ministerial Conference) သို့ တက်ရောက်သည်။

ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကမ္ဘာ့နိုင်ငံတကာ အဖွဲ့အစည်းအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းနာဂစ်နှင့် မိုခါမုန်တိုင်း သက်ရောက်ခဲ့မှုအခြေအနေများ၊ ရေကြီးရေလျှံမှုဖြစ်စဉ်များ၊ မြေလျှောင်နှင့် ဆူနာမီသက်ရောက်ခဲ့မှု အခြေအနေများ၊ မကြာမီက မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေး ငလျင်ကြီးလှုပ်ရှားမှုတွင် ထိခိုက်ဆုံးရှုံးခဲ့မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး သီရိလင်္ကာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ကူညီခဲ့ခြင်းအတွက် မိမိနိုင်ငံနှင့်ပြည်သူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း။

RIMES မှ မြန်မာနိုင်ငံတွင် ကြိုတင်သတိပေးစနစ် ကောင်းမွန်စေရေးအတွက် နည်းပညာနှင့် ကိရိယာများ အထောက်အပံ့ပေးခဲ့မှုအခြေအနေများ၊ ရာသီဥတု ပြောင်းလဲလာမှုကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ပိုမိုဖြစ်ပွားလာမှု အခြေအနေများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအနေဖြင့် ကမ္ဘာပေါ်ရှိ လူသားများ အပါအဝင် သက်ရှိသတ္တဝါများအားလုံး ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် ကျွန်းနိုင်ငံငယ်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နည်းပညာများနှင့် ရန်ပုံငွေ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များ၊ ယခုကျင်းပသည့် (၄)ကြိမ်မြောက် ဘက်စုံ သဘာဝဘေး ကြိုတင်သတိပေးခြင်း ဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံမှ ထွက်ပေါ်လာသည့် ရလဒ်ကောင်းများအပေါ် မြန်မာနိုင်ငံကလည်း တက်ရောက်လာကြသည့် နိုင်ငံများနှင့်အတူ သဘာဝဘေး လျော့ပါးရေးနှင့် ဘက်စုံကြိုတင်သတိပေးစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတူတကွ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၆၁ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ ကမ္ဘာ့ဘဏ် (WB)၊ ကုလသမဂ္ဂသဘာဝဘေး လျော့ပါးရေးရုံး (UNDRR)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၊ ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ်(UNEP)၊ အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID)၊ နိုင်ငံတကာမိုးလေဝသ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သီရိလင်္ကာနိုင်ငံမှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ (၄)ကြိမ်မြောက် ဘက်စုံ သဘာဝဘေး ကြိုတင်သတိပေးခြင်း ဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံ (4th RIMES Ministerial Conference) ကို မေ ၇ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီမှ ကော်မတီဝင်များ၊ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအီလက်ထရောနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီမှ ကော်မတီဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကော်မတီများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်း ကော်မတီအနေဖြင့် အတိုင်ပင်ခံအကြံပေးများခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရာ မဟာဗျူဟာအစီအစဉ် (Strategic Plan) နှင့် လုပ်ငန်းစဉ်များ (Tactical Plan)ပေါ်ထွက်လာစေရန်အတွက် ကော်မတီတစ်ခုချင်းအလိုက် မဟာဗျူဟာများရေးဆွဲခြင်း၊ ဦးတည်အုပ်စုသတ်မှတ်ခြင်း၊ ကာလတိုကာလရှည် မျှော်မှန်းရလဒ်များ၊ စိန်ခေါ်မှုများ၊ အထောက်အပံ့များ စသည့်အချက်များကို ဆွေးနွေးကြပြီး စောင့်ကြည့်သုံးသပ်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လူငယ်ကဏ္ဍ (၁၆)ရပ်၏ အကောင်အထည်ဖော်မှုများကို များစွာအထောက်အပံ့ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နီးကပ်လာပြီဖြစ်သည့်အတွက် အဖွဲ့ချုပ်မှ စည်းမျဉ်း စည်းကမ်းများအတိုင်း တိကျမှန်ကန်စွာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိန်ခေါ်မှုအကန့်အသတ်များထဲမှ ကြိုးစားဆောင်ရွက်ပေးနေသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပပြိုင်ပွဲများ ကျင်းပပေးပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများရရှိအောင် အဖွဲ့ချုပ်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် ဆွေးနွေးခဲ့ကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လျှောင်ဒဏ်ခံရသော ဝန်ထမ်းများအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းကို မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေးနှင့် အရည်အသွေးမြင့် ပို့ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ကွင်းကြီးကျေးရွာရှိ ဒေါက်တာ အောင်မိုး၏ အသားတိုးကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး အသားတိုးကြက် အကောင်ရေ ၁၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီ ကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ အသေးစားမွေးမြူရေး လုပ်ကိုင်သူများနှင့် မွေးမြူရေးခြံတည်ထောင်ဆောင်ရွက် လုပ်ကိုင်လိုသူများအား ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများက လက်တွဲခေါ်ယူပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာ့ဆန်စပါး သုတေသနဌာနသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြောက်ပိုင်း ခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်၏ အဓိကရိက္ခာသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ ဒေသနှင့်သင့်လျော်သည့် အထွက်ကောင်း အရည်အသွေးကောင်း သီးနှံမျိုးများနှင့် စပ်မျိုးများ သုတေသနပြုမျိုးမွေးမြူ ရွေးချယ်ပေးခြင်း၊ လက်တွေ့အသုံးချ သုတေသနရလဒ်များအား သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ ဌာနများနှင့် ပူးပေါင်း၍ တောင်သူလက်ဝယ် အရောက် ပို့ဆောင်ပေးကြရန် လိုအပ်ချက်များနှင့် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာရှိ HWA Co FUN., Ltd. နို့စားနွား မွေးမြူရေးခြံ၏ နို့ပေးနွား၊ နို့စားနွားမဒန်း၊ နို့စားနွားအငယ် အကောင်ရေ ၂၇၈ ကောင် မွေးမြူထားရှိမှု၊ နွားစာမြက် စိုက်ပျိုးထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပဲခူးခရိုင်အတွင်းရှိ မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အသား/ငါး အာဟာရကို ပြည်သူများ ပြည့်ဝဖူလုံစွာ စားသုံးနိုင်ရေး၊ အသား/ငါး ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေးနှင့် အရည်အသွေးမြင့် ပို့ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်မှု

မြင့်မားသော မျိုးများရွေးချယ်မွေးမြူကြရန်နှင့် ဒေသတွင်း သင့်တင့်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ဆွေးနွေးသည်။

ယင်းနောက် သနပ်ပင်မြို့နယ် ဖရဲကျေးရွာ ဒေါ်လီရင်ဖွေ၏ ခေတ်မီအသားစားကြက် အကောင်ရေ ၁၅၀၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ကမာစဲကျေးရွာ မွေးမြူရေးတောင်သူ ဦးဝင်းထိုက်မောင်၏ လျှာပကစ်လမ်းခွဲတွင် ကာကီကင်းဘဲ အကောင်ရေ ၃၆၈၀၀ နှင့် ကလိုင်တံတားအနီးခြံတွင် ကာကီကင်းဘဲ အကောင်ရေ ၃၂၀၀ မွေးမြူထားပြီး ဒေသတွင်း ဘဲဥဖြန့်ဖြူးရောင်းချပေးနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဒုတိယဝန်ကြီးသည် သနပ်ပင်မြို့နယ် အောက်စုဝိုင်ရွာ တောင်သူ ဦးမင်းနိုင်၏ နွေစပါး မုယင်းနှစ်သီး စံပြကွက်ကိုလည်းကောင်း၊ သနပ်ပင်မြို့နယ် ကမာစဲစံပြကျေးရွာရှိ နေတိုးတက်အောင် ကုမ္ပဏီလီမိတက် ငါးမွေးမြူရေးလုပ်ငန်း၌ ငါးသိုင်းခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်းငါးများ မွေးမြူထားရှိမှုကို လည်းကောင်းကြည့်ရှုပြီး မွေးမြူထုတ်လုပ်မှုတိုးချဲ့ရေး၊ ကောင်းမွန်သော ငါးမွေးမြူရေး ကျင့်စဉ် GAqP (ဂျီအေကျူပီ) စနစ်ကို လိုက်နာကျင့်သုံးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် မေ ၁၀

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ပျဉ်းမနားမြို့ အမှတ်-၁ အခြေခံပညာအထက်တန်းကျောင်းနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်-၂၂ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်း တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ယာယီစာသင်ဆောင်များ ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသူများကိုစားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး စာသင်တိုက်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများနှင့် ကျောင်းဆောင်အသစ်ပြန်လည်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်၍ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိဒ္ဒ မထေရ်မြတ်အား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှ စေတီတော်မြတ်ကြီး ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် အမှတ်-၁၄ အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်-၅ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုနှင့် ကျောင်းအိပ်၊ ကျောင်းစားထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)သို့ သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပျက်စီးသည့် အစိတ်အပိုင်းများကို စနစ်တကျ ဖယ်ရှား ရှင်းလင်းထားရှိရေး၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်ရေး၊ လုပ်ငန်းများ အပိုင်းလိုက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိ မြို့နယ်အတွင်း ပင်မရေပိုက်လိုင်းများနှင့်ရေဖြန့်ဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ချောင်းမကြီး ရေလှောင်တမံသို့ သွားရောက်၍ တမံပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းသုံး ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိအောင် ဆောင်ရွက်ရေး၊ မြေစမ်းသပ်မှုများ စနစ်တကျ ပြုလုပ်၍ ပြုပြင်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်သို့ လေ့လာရေးခရီးသွားရောက်မည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများအား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မေ ၁၀

ပုသိမ်လေတပ်စခန်းဌာနချုပ်တွင် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် အခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ လေ့လာရေးခရီးသွားရောက်မည့် သင်တန်းသား သင်တန်းသူများအား ယနေ့နံနက်ပိုင်းတွင် ပုသိမ်လေတပ်စခန်း ဌာနချုပ်မှ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

အဆိုပါ လေ့လာရေးခရီး သွားရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်မဲမြို့နယ်၌ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် လူထုအခြေပြုလုပ်ငန်း စီမံချက်လုပ်ငန်း ရှင်းလင်းဆွေးနွေး

အိမ်မဲ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ World Health Organization (WHO) နှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့က ပူးပေါင်း၍ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် လူထုအခြေပြုလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် စီမံချက်လုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သီဟနှင့် ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ သက်စုမွန်တို့က အမှာစကား ပြောကြားခြင်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က စီမံချက်လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးမှူး ဒေါက်တာ မျိုးကျော်အောင်က မြို့နယ်အတွင်း ဆောင်ရွက် လျက်ရှိသော မကူးစက်နိုင်သော ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထို့နောက် Health Promotion Center အတွက် လုပ်ငန်းသုံးပစ္စည်းနှင့် မတည်ငွေများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး**(အပေါ်ပုံ)** တာဝန်ရှိသူများက ဆင်တိုးကျေးရွာ Health Promotion Center သို့ သွားရောက်ကြည့်ရှုအားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

ရွှေတောင်မြို့နယ်၌ မုဒိတာစာဖတ်ဝိုင်း ခြောက်နှစ်ပြည့်အထိမ်းအမှတ်နှင့် စာပေဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရွှေတောင် မေ ၁၀

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း Book Club တို့ ပူးပေါင်းကျင်းပသော မုဒိတာစာဖတ်ဝိုင်း ခြောက်နှစ်ပြည့် အထိမ်းအမှတ်နှင့် စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးကျော်လွင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ယုနိုင် အေပရယ်ယုနိုင် (ရွှေတောင်) က မုဒိတာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မုဒိတာစာဖတ်ဝိုင်း ခြောက်နှစ်ပြည့် အထိမ်းအမှတ် ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်ပြပွဲနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်၊ လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များ ပြသရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

အိန္ဒိယနိုင်ငံရှိ လေဆိပ် ၃၂ ခုကို မေ ၁၅ ရက်အထိ ယာယီပိတ်

နယူးဒေလီ မေ ၁၀

ပါကစ္စတန်နှင့် စစ်ရေးပဋိပက္ခများ ပြင်းထန်နေချိန် အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများရှိ လေဆိပ် ၃၂ ခု၌ အရပ်ဘက်လေကြောင်းပျံသန်းမှုကို မေ ၁၅ ရက်အထိ ပိတ်ထားကြောင်း အိန္ဒိယ အစိုးရက မေ ၁၀ ရက်တွင် ထုတ်ပြန်သည်။

ပန်ဂျပ်၊ ဟာရာနာ၊ ရာဂျက်စ်သန်၊ ဂူဂျာရက်၊ ဟီမာချယ်ပရာဒက်ရှ်၊ ဥတ္တရာပရာဒက်ရှ်ပြည်နယ်များနှင့် အိန္ဒိယထိန်းချုပ်မှုအောက်ရှိ ကက်ရှ်မီးယားဒေသတို့ရှိ လေဆိပ်များကို ပိတ်ထားခြင်းဖြစ်သည်။

အိန္ဒိယလေဆိပ်များ အာဏာပိုင်အဖွဲ့နှင့် သက်ဆိုင်ရာလေကြောင်း အာဏာပိုင်များက အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတစ်လျှောက်ရှိ လေဆိပ် ၃၂ ခု၌ လေကြောင်းပျံသန်းမှုများကို ယာယီပိတ်သိမ်းရန် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်ဟု အိန္ဒိယလေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

မေ ၇ ရက်ကတည်းက ပါကစ္စတန်နှင့် ပါကစ္စတန် ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ ပစ်မှတ်များကို အိန္ဒိယက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန်အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။

လေကြောင်းပို့ဆောင်ရေး ဝန်ကြီးဌာန၏ အဆိုအရ အိန္ဒိယလေဆိပ်များ အာဏာပိုင်အဖွဲ့က ဒေလီနှင့် မွမ်ဘိုင်းဒေသများအတွင်း လေကြောင်းသွားလာရေးဝန်ဆောင်မှု အစိတ်အပိုင်း ၂၅ ပိုင်းကို ယာယီပိတ်ထားခဲ့ကြောင်း သိရသည်။

လက်ရှိလေကြောင်းသွားလာမှုဆိုင်ရာ အကြံပေးချက်များအရ လေကြောင်းလိုင်းများကို ဘေးကင်းစေရန်နှင့် အနှောင့်အယှက်အနည်းဆုံးဖြစ်စေရန်အတွက် သက်ဆိုင်ရာလေကြောင်းထိန်းချုပ်ရေးဌာနများနှင့် ညှိနှိုင်းကာ ယာယီပိတ်ထားခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ပါကစ္စတန်နှင့် အိန္ဒိယတို့အကြား အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းအကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြောင်း ပါကစ္စတန်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အီဆတ်ဒါက မေ ၁၀ ရက်တွင် ပြောကြားသည်။ **ဆင်ဟွာ**

ဂျပန်နိုင်ငံ အီလက်ထရွန်နစ်ကုမ္ပဏီ ပန်နာဆိုးနစ်က အလုပ်အကိုင် ၁၀၀၀၀ ခန့် လျှော့ချမည်

တိုကျို မေ ၁၀

ဂျပန်နိုင်ငံ၏ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်သည့် ပန်နာဆိုးနစ်ကုမ္ပဏီကြီးသည် ကမ္ဘာတစ်ဝန်းက လုပ်သားအင်အား၏ ၅ ရာခိုင်နှုန်းခန့်ရှိသည့် အလုပ်အကိုင်ပေါင်း ၁၀၀၀၀ ခန့်ကို လျှော့ချရန် စီစဉ်နေကြောင်း သိရသည်။ ထိုကဲ့သို့ လုပ်ဆောင်မှုမှာ အမြတ်အစွန်းမရှိသည့် လုပ်ငန်းများကို အဓိကထားပြီး ပြုပြင်ပြောင်းလဲမှု ကြီးကြီးမားမား လုပ်ဆောင်သည့် တစ်စိတ်တစ်ပိုင်းဟု ဆိုသည်။

ဆောလျင်စွာ အငြိမ်းစားပေးသည့် အစီအစဉ်ကဲ့သို့သော နည်းလမ်းများဖြင့် ယခုဘဏ္ဍာနှစ်တွင် ပြည်တွင်း ပြည်ပ နှစ်ခုစလုံးမှ အလုပ်အကိုင် ၅၀၀၀ ခန့် လျှော့ချသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ထိုကဲ့သို့ အလုပ်အကိုင်လျှော့ချမည့် အစီအစဉ်တွင် အဓိကအားဖြင့် အရောင်းဌာနနှင့် အုပ်ချုပ်ရေးဌာနများမှ ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

၂၀၂၆ ဘဏ္ဍာနှစ်အထိ အမြတ်ငွေ တစ်ဘီလီယံကျော် ရရှိအောင် လုပ်ဆောင်လိုသည်ဟု အမှုဆောင်အရာရှိချုပ် ကုဆူမီယူကီက မေ ၉ ရက်တွင် ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းသည် ယခုဘဏ္ဍာနှစ်တွင် ၎င်း၏ တစ်နှစ်တာလစာနှင့် အခြားခံစားခွင့်များ၏ ၄၀ ရာခိုင်နှုန်းကို စွန့်လွှတ်သွားမည်ဖြစ်ကြောင်း ပြောသည်။

ပန်နာဆိုးနစ်သည် ယခုဘဏ္ဍာနှစ်အတွက် ဝင်ငွေခန့်မှန်းချက်ကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။ အရောင်းဌာနသည် ၇ ရာခိုင်နှုန်းကျော် လျော့ကျပြီး အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၇ ဘီလီယံအထိရှိမည်ဟု ခန့်မှန်းထားသည်။ ထို့ပြင် အသားတင်အမြတ်ငွေမှာလည်း ၁၅ ရာခိုင်နှုန်းကျော် ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

ပါကစ္စတန်လေကြောင်းပိုင်နက်ရှိ လေကြောင်းပျံသန်းမှုအားလုံး မေ ၁၁ ရက်အထိ ပိတ်ထား

အစ္စလာမ္မာဘတ် မေ ၁၀

ပါကစ္စတန်လေပိုင်နက်တွင် ပျံသန်းမှုအမျိုးအစားအားလုံးအတွက် မေ ၁၁ ရက် မွန်းတည့် ၁၂ နာရီအထိ ပိတ်ထားမည်ဖြစ်ကြောင်း ပါကစ္စတန်မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က မေ ၁၀ ရက်တွင် ကြေညာသည်။

ပါကစ္စတန်လေကြောင်းပိုင်နက်ကို မေ ၁၀ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က စတင်ပိတ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားသော်လည်း အာဏာပိုင်များသည် နောက်ဆုံးထုတ်ပြန်သည့် ကြေညာချက်အသစ်တွင် ပိတ်သိမ်းမှုကို သက်တမ်းတိုးခဲ့သည်။

တရားဝင်ထုတ်ပြန်ချက်တွင် တိကျသော အသေးစိတ် အချက်အလက်များကို မဖော်ပြထားသော်လည်း လက်ရှိလုံခြုံရေး အခြေအနေအပေါ်မူတည်၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆိုင်းငံ့မှုသည် ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်း ခရီးစဉ်များကို သက်ရောက်မှုရှိပြီး လေကြောင်းလိုင်းများအနေဖြင့် လိုအပ်ပါက အချိန်ဇယားကို ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ထားရန် အကြံပြုထားသည်။

အာဏာပိုင်များက အခြေအနေကို အနီးကပ်စောင့်ကြည့်နေပြီး လိုအပ်ပါက နောက်ထပ် ထုတ်ပြန်ချက်များ အသိပေးထုတ်ပြန်သွားမည်ဟု ပြောသည်။ **ဆင်ဟွာ**

အာဖရိကတိုက်တွင် မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၅၀ ကျော်လာ

အဒစ္စအဘာဘာ မေ ၁၀

အာဖရိကတိုက်တွင် လက်ရှိကူးစက်ပြန့်ပွားနေသော မျောက်ကျောက်ရောဂါကြောင့် ၂၀၂၄ ခုနှစ်မှစကာ သေဆုံးသူပေါင်း ၁၇၅၀ ကျော်နှင့် ကူးစက်ဖြစ်ပွားသူပေါင်း ၁၃၀၀၀၀ ခန့်ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိကစီဒီစီ) က ပြောသည်။

အာဖရိက စီဒီစီမှ အမှုဆောင်အရာရှိချုပ် ငါရှီငွန်ဂိုက မေ ၈ ရက် အွန်လိုင်းသတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြီးခဲ့သည့်နှစ်မှစတင်ကာ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံပေါင်း ၂၄ နိုင်ငံတွင် ရောဂါဖြစ်ပွားသူ ၁၂၉၇၁၁ ဦးနှင့် သေဆုံးသူ ၁၇၅၁ ဦး ရှိကြောင်း ပြောသည်။

အာဖရိကသမဂ္ဂ (အေယူ) ၏ ကျန်းမာရေးစောင့်ရှောက်မှုအေဂျင်စီက ဖော်ပြသောအချက်အလက်များအရ အာဖရိကတိုက်၌ ပြီးခဲ့သည့် သီတင်းပတ်တစ်ခုတည်းတွင် မျောက်ကျောက်ရောဂါထပ်မံကူးစက်ဖြစ်ပွားသူ ၃၅၅၃ ဦးနှင့် သေဆုံးသူ ၁၂ ဦးရှိသည်ဟု ဖော်ပြထားသည်။ ဆီရာရာလီယွန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက်မှာ ယမန်နှစ်က စုစုပေါင်းအရေအတွက်ထက် သုံးပုံနှစ်ပုံရှိသည့်အတွက် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်မြင့်တက်မှုနှင့်ပတ်သက်ပြီး အာဖရိကစီဒီစီက ထပ်မံသတိပေးထားသည်။ အာဖရိကတိုက်တွင် ယခုနှစ်အစပိုင်းမှစကာ ရောဂါဖြစ်ပွားသူ ၅၂၀၈၂ ဦး ရှိသည်။ **ဆင်ဟွာ**

မက္ကဆီကိုပင်လယ်ကွေ့ နာမည်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး မက္ကဆီကိုက ဂူးဂဲလ်ကို တရားစွဲ

မက္ကဆီကိုစီးတီး မေ ၁၀

မက္ကဆီကိုနိုင်ငံသည် ဂူးဂဲလ်မြေပုံတွင် အမေရိကန်သုံးစွဲသူများအတွက် မက္ကဆီကို ပင်လယ်ကွေ့ကို အမေရိကပင်လယ်ကွေ့အဖြစ် အမည်ပြောင်းလဲခဲ့သည့်အတွက် ဂူးဂဲလ်ကို တရားစွဲဆိုလိုက်ကြောင်း သိရသည်။

အဆိုပါ လုပ်ဆောင်မှုက မက္ကဆီကိုနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် မက္ကဆီကိုပိုင်နက်ကို ချိုးဖောက်ရာရောက်သည်ဟု မက္ကဆီကိုသမ္မတ ကလောက်ဒီယာ ရှိန်းဘောမ်က မေ ၉ ရက်တွင် ပြောသည်။

ဂူးဂဲလ်ကို တရားစွဲဆိုထားပြီးဖြစ်ကြောင်းနှင့် ပထမဆုံးဆုံးဖြတ်ချက်ကို ထုတ်ပြန်လိုက်ပြီဖြစ်ရာ လိုက်နာဆောင်ရွက်မှုကို စောင့်ဆိုင်းနေကြောင်း နံနက်ခင်း ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ရှိန်းဘောမ်က ပြောသည်။ အမေရိကန်သည် ၎င်း၏ နယ်မြေအတွင်းရှိသည့် ပြည်နယ်၊ တောင်၊ ကန် စသည်များကို ၎င်းတို့ ကြိုက်နှစ်သက်သည့် နာမည်ကိုပြောင်းခွင့်ရှိသော်လည်း မက္ကဆီကိုနှင့် ကျူးဘားတို့၏ ပိုင်နက်များတွင် ထိုကဲ့သို့ လုပ်ဆောင်ခွင့်မရှိကြောင်း မက္ကဆီကိုသမ္မတက ပြောသည်။

အဓိကအားဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ဖြစ်ပွားလျက်ရှိသည့် ကုန်သွယ်ခွန်တင်းမာမှုများအကြားတွင် အဆိုပါ အငြင်းပွားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့မှ အာဏာပိုင်များသည် သဘောတူညီမှုရရှိရန် အစည်းအဝေးပြုလုပ်လျက်ရှိကြောင်းနှင့် မက္ကဆီကိုသမ္မတ ရှိန်းဘောမ်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တယ်လီဖုန်းအကြိမ်ရေ ခြောက်ကြိမ် ပြောကြားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ပါကစ္စတန်ရှိ အီရတ် စစ်သင်တန်းသားများအား နေရပ်ပြန်ရန် အမိန့်ထုတ်

ဘဂ္ဂဒက် မေ ၁၀

အိန္ဒိယနှင့် ပါကစ္စတန်ကြား တင်းမာမှုများမြင့်တက်နေချိန် ၎င်းတို့လုံခြုံရေးအတွက် စိုးရိမ်မှုများကြောင့် ပါကစ္စတန်မှ စစ်သင်တန်းသား ၅၀၀ ကို ချက်ချင်းနေရပ်ပြန်ရန် အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီယာ အယ်လ်ဆူဒါနီက အမိန့်ပေးခဲ့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၀ ရက်က ပြောကြားသည်။

အီရတ်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်လည်းဖြစ်သည့် အယ်လ်ဆူဒါနီက လေ့ကျင့်ရေးဆိုင်ရာ သဘောတူညီချက်အရ လက်ရှိပါကစ္စတန်တွင် ရောက်ရှိနေသော သင်တန်းသားများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ အီရတ်နိုင်ငံသို့ ပြန်လာနိုင်ရေးအတွက်လည်း လိုအပ်သည့်စီမံချက်အားလုံးကို အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားအမှတ် (၆၅) ပြုပြင်ပြီးစီး၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားများ ပြန်လည်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် မေ ၁၀

ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ နှင်းပုလဲဘူတာနှင့် တောင်စွန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၁၂/၁၀-၁၁ ရှိ ပေ ၂၀ သံပေါင် ခန်းဖွဲ့ သုံးခုပါ အရှည် ပေ ၆၀ ရှိ ရထားတံတားအမှတ်(၆၅)အောက်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် နှင်းပုလဲနှင့် တောင်စွန်းရထားလမ်းပိုင်းအား မေ ၆ ရက်မှစ၍ ယာယီ ပိတ်ထားခဲ့ရပြီး ရန်ကုန် - မော်လမြိုင် - ရန်ကုန် ပြေးဆွဲနေသော အမှတ် (၈၁)အဆန်/ (၈၂)အစုန် လူစီးရထားများအား ယာယီရပ်နားခဲ့ရသည်။

မြန်မာ့မီးရထားအနေဖြင့် ယာယီပိတ်ထားရသည့် ရထားလမ်းပိုင်းအတွင်း ရထားစီးခရီးသွား ပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက တံတားအောက်ခြေနှင့် ကမ်းကပ်ခုံနှစ်ဖက်ရှိ မြေကြီးနှင့်ကွန်ကရစ်များ ရှင်းလင်းခြင်း၊ တံတားသံပေါင်များနှင့် သံလမ်းများ ဖယ်ရှားရှင်းလင်းခြင်း၊ တံတားရေလယ်တိုင်ကို ပိုင်ရိုက်ကျောက်စီခြင်းနှင့် ဘေလီတံတားပေါင်တပ်ဆင်ခြင်း စသည့် တံတားနှင့်ရထားလမ်းပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၆ ရက်မှ ယနေ့အထိ နေ့၊ ည မပြတ်ဆောင်ရွက်ခဲ့ကြပြီး သံလမ်းပြေးယာဉ် RGC ဖြင့် စမ်းသပ်ပြေးဆွဲ၍ ယနေ့နံနက် ၀၀:၃၀ နာရီတွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပိုင်းပြန်လည်ဖွင့်ပြီး ရန်ကုန်မှ ယနေ့နံနက် ၇ နာရီတွင် စတင် ထွက်ခွာသည့် အမှတ်(၈၁)အဆန် ရန်ကုန်-မော်လမြိုင်ရထားနှင့် မော်လမြိုင်မှ နံနက် ၈ နာရီစတင် ထွက်ခွာသည့် အမှတ်(၈၂)အစုန်လူစီးအမြန်ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

ထို့ပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်- မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟသ်ာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား - တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန် - ပြည် - ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း - သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖*ကျောဖုံးမှ*

ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်း ကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတု သာယာမျှတစေပြီး စိမ်းလန်းစိုပြည်ရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများအား တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ရမန်းချောင်းကြိုးပြင် ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော သဘာဝပေါက်ပင်များဖြစ်သည့် ပျဉ်းကတိုး၊ ပိတောက်၊ အင်ကြင်း၊ အင်၊ ထောက်ကြံ့၊ နီပစေး၊ နဘဲ၊ တရော်၊ ပိုးမဲဇာ၊ သစ်စေး၊ ဇီးဖြူ စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ တောဝက်၊ ယုန်၊ ရှဉ့်၊ ချိုး၊ ခါ စသည့် တိရစ္ဆာန်ငယ်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး အပူပိုင်း ဒေသထွက် သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိလာနိုင်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေ ထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှု တိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

❍ *ကျောဖုံးမှ*

ဘိုလော့ဂ်နာအသင်းသည် ပွဲကစားချိန် ၄၉ မိနစ်တွင် အော်စလီနီ၏ သွင်းဂိုးဖြင့် အေစီမီလန်အသင်းကို မိနစ် ၇၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သည်။

သို့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် အေစီမီလန်အသင်းက ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ အရေးပါသည့် ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူကာ ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ အေစီမီလန်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၇၃ မိနစ်၊ ၇၉ မိနစ်နှင့် မိနစ် ၉၀ တွင် ဂျီမီနက်ဇ်နှင့် ပူလီဆစ်တို့က သွင်းယူပေးခဲ့သည်။

အေစီမီလန်အသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၆၀ ဖြင့် ဥရောပဝင်ခွင့်ရရှိရေးမျှော်လင့်ချက် ဆက်လက်ရှင်သန်လာခဲ့သည်။ ပြိုင်ဘက်ဘိုလော့ဂ်နာအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ရမှတ် ၆၂ မှတ်ဖြင့် လက်ကျန်ပွဲစဉ်များတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ရုန်းကန်ရတော့မည် ဖြစ်သည်။

အေစီမီလန်နှင့် ဘိုလော့ဂ်နာအသင်းတို့သည် လာမည့် မေ ၁၅ ရက်တွင် ကိုပါအီတာလီယာဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အောင်ဇော်

ဟုမ္မလင်း၌ သမဝါယမဦးစီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချေးငွေပေးအပ်

ဟုမ္မလင်း မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သမဝါယမဦးစီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အခြေခံသမဝါယမအသင်းသားအသင်းသူများအား ချေးငွေ ဒုတိယအကြိမ်ပေးအပ်ပွဲကို မေ ၈ ရက်က မြို့နယ်သမဝါယမ ဦးစီးဌာနရုံးတွင် ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဦးအယ်လ်ဘီးပိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ချေးငွေထုတ်ပေးရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ဟုမ္မလင်းမြို့နယ် အခြေခံသမဝါယမအသင်းသား အသင်းသူများဖြစ်သည့် နောင်ဖွတ်မော်အသင်းသား ၁၁ ဦးအတွက် အသားစားကြက်နှင့် ဒေသဝက်မွေးမြူရေးအတွက် ငွေကျပ်သိန်း ၂၀၀၀၊ စာရာမေရိ အသင်းသား ၁၁ ဦးအတွက် အသားစားကြက်နှင့် ဒေသဝက် မွေးမြူရန်အတွက် ငွေကျပ်သိန်း ၁၉၅၀၊ ခေါင်ခမ်းကျေးရွာအုပ်စု မျိုးဆက်သစ်မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်း ခြောက်ဦးအတွက် မျိုးစပါး ထုတ်လုပ်ရန် ငွေကျပ် ၂၀၄ သိန်း၊ မှန်ပင်ကျေးရွာအသင်းသား လေးဦးအတွက် ငါးမွေးမြူရန် ငွေကျပ်သိန်း ၅၅၀၊ မန်မော်၊ ရေလဲ၊ နန်ခါကျေးရွာ စသည့် အခြေခံသမဝါယမအသင်း ရှစ်သင်းအတွက် စပါး၊ နေကြာ၊ မြေပဲနှင့် ရာသီပေါ်သီးနှံများကို သီးထပ်သီးညှပ်စိုက်ပျိုးရန် ငွေကျပ်သိန်း ၂၆၀ စုစုပေါင်း အသင်းသားအသင်းသူ ၄၀ အတွက် စုစုပေါင်း ငွေကျပ် ၄၉၆၄ သိန်းကို မတည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၀ ရက်အထိ သေဆုံးသူ ၃၇၂၁ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၉ ရက် ညနေ ၅ နာရီမှ မေ ၁၀ ရက် ညနေ ၅ နာရီအတွင်း အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် ဆေးပစ္စည်းများ (အလေးချိန် ၀ ဒသမ ၀၉၀ တန်)နှင့် တရုတ်(တိုင်ပေ) အခြေစိုက်ဗုဒ္ဓဘာသာကျူချီပရဟိတဖောင်ဒေးရှင်းက လှူဒါန်းသော ခြင်ထောင်နှင့် အိပ်ရာခင်း ၃၄ ပုံး (အလေးချိန် ၁ ဒသမ ၀၆၉ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိပါကြောင်း သိရသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

သန်းထွေးအောင်(ခ) ခေါ်ကြီး၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ သိုဝှက်ထားကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရှာဖွေရာ ၎င်းနှင့်အတူ မချောချောဦး(ခ)မစု နှင့် အောင်နိုင်ထွန်းဦးတို့ သုံးဦးအား ဆာလာအိတ်၁၇၅အိတ်ဖြင့် ထည့်လျက်ဒေသကာလတန်ဖိုးငွေကျပ် ၁၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၅၀နှင့် အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လျှပ်ဒဏ်ကြောင့် ငါးလုပ်ငန်းမွေးမြူရေးနှင့် ထုတ်လုပ်ရေးအပေါ် အကျိုးသက်ရောက်မှု

မောင်မော်(သတ္တဗေဒ)

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် သမားရိုးကျ ခြိမ်းခြောက်မှုမဟုတ်သည့် သဘာဝဘေးအန္တရာယ်များကို တစ်မျိုးမဟုတ်တစ်မျိုး ရင်ဆိုင်ကြုံတွေ့ကျော်လွှားဖြတ်သန်းနေကြရပါသည်။ သဘာဝဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းရန်ခက်ခဲပြီး ရေကြီးမှု၊ မြေပြိုမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ လျှပ်လှုပ်ခတ်မှုနှင့် တောမီးလောင်ကျွမ်းမှုများက အချိန်မရွေး၊ နေရာဒေသမရွေးဖြစ်ပွားလာနိုင်သည်။ ယနေ့မျက်မှောက်ကာလမှာ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသော အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်ကြုံတွေ့နေရပြီး မြန်မာနိုင်ငံ၌လည်း ၂၀၂၃ ခုနှစ် မေလက မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလက ရာဂီမုန်တိုင်း၏ အကြွင်းအကျန် တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးကို ရင်ဆိုင်ကျော်လွှားခဲ့ကြရပါသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မန္တလေးလျှင်ကြီးက အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲချမ်းသာမရှိ၊ လူမျိုးဘာသာအသွေးအရောင်မခွဲခြား၊ အသက်အရွယ်မပိုင်းခြား၊ နိုင်ငံရေးအရောင်အသွေးမသိ နိုင်ငံတစ်ဝန်းရှိ သက်ရှိလူသားအားလုံးနှင့် တိရစ္ဆာန်များအပေါ် သက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ရပါသည်။

ဤသို့လှုပ်ခတ်မှုကြောင့် မြန်မာ့သမိုင်းဝင် အဆောက်အအုံများ၊ လမ်း၊ တံတား၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများနှင့် လူနေအိုးအိမ်များ၊ အစိုးရရုံးအဆောက်အအုံများ ထိခိုက်မှုပြင်းထန်ခဲ့ရပါသည်။

နှစ်စဉ် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။ ရာသီဥတုပြောင်းလဲမှု၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် လူသားများ ကြိုးစားနေရပါသည်။ အခြားရာသီဥတု ပြောင်းလဲမှုများကို မိုးလေဝသဌာန၏ ကြိုတင်ခန့်မှန်း ကြေညာပေးမှုကြောင့် ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ရပါသည်။ လျှင်ကဲ့သို့သော သဘာဝဘေးဒဏ်မှာ ကြိုတင်ခန့်မှန်းတွက်ချက်ရမှု အခက်အခဲများကြောင့် ဆုံးရှုံးမှုများပြားခဲ့ပါသည်။ လျှင်လှုပ်မှုကို တိရစ္ဆာန်များ သဘာဝအလျောက် မိနစ်ပိုင်းအတွင်း သိရှိရသည်ဟု ဆိုသော်ငြားလည်း လူသားများအတွက် သိရှိနိုင်ရန် ခဲယဉ်းလှပါသည်။

ထို့ကြောင့် ဖြစ်ပွားခဲ့သော အခြေအနေအပေါ်မူတည်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက နိုင်ငံတကာထောက်ပံ့ကူညီမှုများကိုရယူ၍ ပြည်သူလူထုနှင့် လက်တွဲကာ အင်တိုက်အားတိုက် လုပ်ဆောင်နေရပါသည်။

ထို့ပြင် အဆောက်အအုံ၊ လမ်းတံတားများကို လျှင်ဒဏ်ခံနိုင်ရည်ရှိအောင် အင်ဂျင်နီယာနည်းပညာများဖြင့် တွက်ချက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနက နွေရာသီတွင် ငါးမွေးကန်များ အပူဒဏ်ကာကွယ်ရေး သတိပေးချက်၊ မိုးရာသီတွင် ငါးမွေးကန်များ ရေကြီးရေလျှံကာကွယ်ရေးသတိပေးချက်၊ မုန်တိုင်းများကျရောက်နိုင်ခြေရှိပါက ပင်လယ်ပြင်တွင် ငါးဖမ်းသင်္ဘောများအား မုန်တိုင်းသတိပေးချက်၊ အရေးပေါ် ခိုလှုံရန်နေရာများကို သတ်မှတ်ပေးပြီး သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ပြည်သူလူထုသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် သတိပေးကြေညာပေးလျက်ရှိပါသည်။

လျှင်ကြောင့် ငါးမွေးမြူရေးလုပ်ငန်းအပေါ် ထိခိုက်မှုများ

(က) **စခန်း၏ အခြေခံလုပ်ငန်းများ ပျက်စီးမှု။** လျှင်လှုပ်ခြင်းကြောင့် လူနေထိုင်ရာ အဆောက်အအုံများ၊ အစာဂိုဒေါင်များ၊ ရုံးလုပ်ငန်း အဆောက်အအုံများ၊ သားဖောက်ရုံများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များ ၊ လုပ်ငန်းသုံး စက်ကိရိယာများ ထိခိုက်မှုဖြစ်ပေါ်နိုင်ပါသည်။

(ခ) **ငါးကန်များအပေါ်အကျိုးသက်ရောက်မှု။** ကန်အောက်ခြေမြေပြင်လှုပ်ခတ်သဖြင့် နုန်းများ၊ အနည်အနှစ်များအပေါ်သို့ တက်လာခြင်းကြောင့် ကန်၏ရေအရည်အသွေး ကျဆင်းနိုင်ပါသည်။ ကန်ပေါင်မြေသားများပြတ်/ ပြိုကျခြင်းကြောင့် အတွင်းမှရေများ အပြင်ထွက်သွားခြင်း၊ အပြင်မှ မသန့်ရှင်းသောရေများ ဝင်လာနိုင်ခြင်းကြောင့် မွေးမြူထားသော ငါးများအပေါ် ထိခိုက်ဆုံးရှုံးမှုတို့ ဖြစ်ပေါ်နိုင်ပါသည်။

(ဂ) **လုပ်ငန်းဆောင်ရွက်မှုအပေါ်အကျိုးသက်ရောက်မှု။** ရင်းနှီးမြှုပ်နှံထားသော ငါး၊ အစာနှင့် အဆောက်အအုံ၊ လုပ်ငန်းသုံး ရေစုပ်စက်၊ မီးစက်၊ ပို့ဆောင်ရေးယာဉ်များ၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ ပျက်စီးမှု ကြီးမားပါက ရင်းနှီးမြှုပ်နှံမှု ငွေကြေးဆုံးရှုံးထိခိုက်နိုင်ပါသည်။

လျှင်ဒဏ်ကြောင့် ပျက်စီးထိခိုက်မှုအပေါ် ပြန်လည်ကုစားဆောင်ရွက်ရမည့်အခြေအနေများ

(က) လုံးဝပျက်စီးသွားသော ငါးကန်များမှ ငါးများအား ပျက်စီးမှုနည်းပါးသော ကန်များသို့ စနစ်တကျ ရွှေ့ပြောင်းပေးရမည်။

(ခ) ပျက်စီးသွားသော ငါးကန်/အဆောက်အအုံများအား သတ်မှတ်စံချိန်/ စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အချိန်ယူပြင်ဆင်သွားရမည်။

(ဂ) ပြင်ဆင်ပြီး ပြန်လည်မွေးမြူရမည့် ငါးကန်များအတွက် လိုအပ်သော ငါးသားပေါက်ကောင်ရေကို အစားထိုး ပြန်လည်မွေးမြူရမည်။

(ဃ) လျှင်ကြောင့် ငါးကန်ရေညစ်ညမ်းမှု ဖြစ်ပေါ်လာနိုင်သဖြင့် ရေအရည်အသွေး ပြန်လည်စစ်ဆေးပြီး သတ်မှတ်ချက်များအညီ ပြန်လည်ထိန်းချုပ်ပြုပြင်ရမည်။

(င) လျှင်ကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည့် ငါးများကို သီးသန့်ခွဲခြားပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများအား ဆောင်ရွက်ပေးရပါမည်။

ငါးလုပ်ငန်းပြုပြင်ထုတ်လုပ်ရေး စက်ရုံများသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေဆောင်ရွက်ပေးလျက်ရှိသောကြောင့် စက်ရုံများကို သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုမခံရစေရေးနှင့် ထိခိုက်မှုရှိပါက အမြန်ဆုံး ကုစားဆောင်ရွက်နိုင်ရေးမှာ အထူးအရေးကြီးပါသည်။

လျှင်ပြင်းထန်စွာလှုပ်ခြင်းသည် ငါးကုန်ချော ထုတ်လုပ်မှု လုပ်ငန်းအပေါ် အောက်ပါကဲ့သို့သော သက်ရောက်မှုများရှိနိုင်သည် -

(က) **အခြေခံအဆောက်အအုံနှင့် ထုတ်လုပ်မှုစနစ်များပျက်စီးခြင်း။** လျှင်ကြောင့် ငါးမွေးမြူရေးကန်များ၊ သိုလှောင်ရုံများ၊ စက်ရုံများ၊ လှေဆိပ်များနှင့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ ပြိုကျခြင်း သို့မဟုတ် ပျက်စီးခြင်းတို့ ဖြစ်နိုင်သည်။ အထူးသဖြင့် ပြင်းအားရစ်ခ်တာစကေး ၇ ကျော် လျှင်များတွင် အဆောက်အအုံများ လုံးဝပျက်စီးနိုင်ပြီး ထုတ်လုပ်မှုကို ရပ်တန့်စေနိုင်သည်။

(ခ) **ငါးမျိုးစိတ်များ သေဆုံးခြင်းနှင့် ထိခိုက်မှု ။** လျှင်လှုပ်ပါက ရေကန်များတွင် ရုတ်တရက် လှိုင်းထနိုင်ပြီး ငါးများထိတ်လန့်ကာ သေဆုံးခြင်း၊ ရေထုညစ်ညမ်းမှုဖြစ်ပြီး အဆိပ်သင့်ခြင်းတို့ ဖြစ်စေနိုင်သည်။

(ဂ) **သယ်ယူပို့ဆောင်ရေးနှောင့်နှေးခြင်း ။** လျှင်ကြောင့် လမ်းများ၊ တံတားများပျက်စီးခြင်း၊ ဆိပ်ကမ်းများ ပြိုကျခြင်းတို့ဖြစ်ပါက ငါးထုတ်ကုန်များ ဈေးကွက်သို့ အချိန်မီမရောက်ဘဲ ပျက်စီးနိုင်သည်။ ထို့အပြင် လျှပ်တစ်ပြက်ဈေးကွက်ပြောင်းလဲမှုများလည်း ဖြစ်စေနိုင်သည်။

(ဃ) **စီးပွားရေးဆိုင်ရာ နစ်နာမှုများ ။** ထုတ်လုပ်မှု ရပ်ဆိုင်းခြင်း၊ ပြန်လည် ပြုပြင်ရသော ကုန်ကျစရိတ်များ၊ ငါးဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် လုပ်ငန်းရှင်များ ငွေကြေးဆုံးရှုံးနိုင်သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်သက်ရောက်မှု

လျှင်နှင့်အတူ မြေပြိုခြင်း၊ ရေထုညစ်ညမ်းခြင်းတို့ကြောင့် ငါးမျိုးပွားရာဒေသများ ပျက်စီးနိုင်သည်။ ထို့ပြင် ရေအောက်ဂေဟစနစ်ပြောင်းလဲမှုများက ငါးဖမ်းလုပ်ငန်းကို နှစ်ပေါင်းများစွာ ထိခိုက်စေနိုင်သည်။

လုပ်သားအင်အားနှင့် လုံခြုံရေးပြဿနာများ

လျှင်ဖြစ်ပွားပါက လုပ်သားများ ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးခြင်းတို့ကြောင့် လုပ်ငန်းလည်ပတ်မှု နှေးကွေးနိုင်သည်။ ထို့အပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကြောင့် ထုတ်လုပ်မှုစွမ်းဆောင်ရည် ကျဆင်းနိုင်သည်။

ကာကွယ်နိုင်ရန် အကြံပြုချက်များ

- လျှင်ဒဏ်ခံနိုင်သော ကန်နံရံများဒီဇိုင်း ပြုလုပ်ခြင်း။
- ငါးမျိုးစိတ်များကို ဘေးကင်းရာသို့ အရေးပေါ်ရွှေ့ပြောင်းနိုင်သည့် စနစ်များ တည်ဆောက်ခြင်း။

စာမျက်နှာ ၁၇ သို့

☆ **ငါးလုပ်ငန်းပြုပြင်ထုတ်လုပ်ရေး စက်ရုံများသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေဆောင် ရွက်ပေးလျက်ရှိသောကြောင့် စက်ရုံများကို သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုမခံရစေရေးနှင့် ထိခိုက်မှုရှိပါက အမြန်ဆုံး ကုစားဆောင်ရွက်နိုင်ရေးမှာ အထူးအရေးကြီး**

☆ **ထုတ်လုပ်မှုရပ်ဆိုင်းခြင်း၊ ပြန်လည်ပြုပြင်ရသော ကုန်ကျစရိတ်များ၊ ငါးဈေးနှုန်း ကျဆင်းခြင်းတို့ကြောင့် လုပ်ငန်းရှင်များ ငွေကြေးဆုံးရှုံးနိုင်**

☆ **လျှင်နှင့်အတူ မြေပြိုခြင်း၊ ရေထုညစ်ညမ်းခြင်းတို့ကြောင့် ငါးမျိုးပွားရာဒေသများ ပျက်စီးနိုင်သည်။ ထို့ပြင်ရေအောက်ဂေဟစနစ်ပြောင်းလဲမှုများက ငါးဖမ်းလုပ်ငန်းကို နှစ်ပေါင်းများစွာ ထိခိုက်စေနိုင်**

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အရန်မီးသတ်အကြို အခြေခံမီးသတ်သင်တန်းဆင်းပွဲ ကျင်းပ

ဘားအံ မေ ၁၀

ကရင်ပြည်နယ် ဘားအံမြို့၌ ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံမီးသတ်ပညာရပ်ကို လက်တွေ့သင်ကြားတတ်မြောက်စေရန်နှင့် ပြည်သူအသက်အိုးအိမ်စည်းစိမ်ကို မီးဘေးမှ ကာကွယ်စောင့်ရှောက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် အရန်မီးသတ်အကြို အခြေခံမီးသတ်သင်တန်း (၁/၂၀၂၅)ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံခရိုင်မီးသတ်စခန်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစာကြည့်တိုက် ပညာသင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ယခုစာကြည့်တိုက် သင်တန်းမှတစ်ဆင့် နည်းစနစ်၊ စာကြည့်တိုက်ပညာများ လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ကျောင်းစာကြည့်တိုက်များမှတစ်ဆင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးဇော်မျိုးထွဋ်က အခြေခံစာကြည့်တိုက် ပညာသင်တန်းနှင့် ပတ်သက်၍ မှာတာစကားပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးခဲ့ပြီး သင်တန်းသူ ဆရာမတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

မှော်ဘီမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၉၆၆ သိန်း ထုတ်ချေး

မှော်ဘီ မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိုးကြီးကျေးရွာနှင့် အထယုကျေးရွာများရှိ ကျေးလက်နေပြည်သူများအား မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို မေ ၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ထုတ်ချေးပေးခဲ့သည်။

ဦးစွာ မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရိုးကြီးကျေးရွာနှင့် အထယုကျေးရွာများရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၃၄၆ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၉၆၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှူသွင်း၊ လေသန့်ရှင်း မချွင်းရမှာ၊ တောကသာ။

စာမျက်နှာ ၁၆ မှ

■ အစာဂိုဒေါင်များ၊ ပစ္စည်းသိုလှောင်ရုံများအား ငလျင်ဒဏ်ခံနိုင်ရည်ရရှိရေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ခြင်း။

သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ထားသော စီမံချက်များ ရေးဆွဲခြင်း

ဤသက်ရောက်မှုများကို လျှော့ချရန် ကြိုတင်ပြင်ဆင်မှုများ၊ နည်းပညာ အထောက်အပံ့နှင့် နိုင်ငံတော်၏ အကူအညီများ လိုအပ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငါးအအေးခန်းစက်ရုံများအပေါ် အောက်ပါအတိုင်း အဓိကသက်ရောက်မှုများ ရှိနိုင်ပြီး ဤသက်ရောက်မှုများကို သိပ္ပံနည်းကျလေ့လာထားသည့် အချက်အလက်များနှင့်အတူ ဖော်ပြလိုက်ပါသည်။

အခြေခံအဆောက်အအုံနှင့် စက်ကိရိယာများ ပျက်စီးခြင်း

ပြင်းထန်သော ငလျင်များသည် စက်ရုံ၏ အဆောက်အအုံများ (သိုလှောင်ရုံ၊ စက်ခန်းများ) ကိုပြိုကျစေနိုင်ပြီး လျှပ်စစ်ဓာတ်အားထောက်ပံ့မှု၊ အအေးပေးစနစ်၊ ရေပိုက်လိုင်းများ စသည့် စက်ကိရိယာများကို ပျက်စီးစေနိုင်သည်။ ဥပမာအားဖြင့် မန္တလေး ငလျင်ကြီးကြောင့် အဆောက်အအုံများကို ပြင်းထန်စွာပျက်စီးစေပြီး စီးပွားရေးဆုံးရှုံးမှုကြီးမားစေခဲ့သည်။ ဤကဲ့သို့ ပျက်စီးမှုများကြောင့် စက်ရုံ၏ လုပ်ငန်းလည်ပတ်မှု ရပ်တန့်သွားနိုင်သည်။

အအေးခန်းစနစ်ချွတ်ယွင်းမှုနှင့် ငါးအရည်အသွေးထိခိုက်ခြင်း

ငလျင်ကြောင့် လျှပ်စစ်မီးပြတ်တောက်ပါက အအေးခန်းစနစ်များ ရပ်တန့်သွားနိုင်ပြီး သိုလှောင်ထားသောငါးများ လျင်မြန်စွာ ပျက်စီးနိုင်သည်။ အထူးသဖြင့် စိုထိုင်းဆမြင့်တက်ခြင်း၊ မှိုပေါက်ခြင်း၊ ဗက်တီးရီးယား ပေါက်ပွားမှုတို့ကြောင့် ငါးများ လုံခြုံမှုမရှိတော့ပါ။ သိုလှောင်ရုံများတွင် ရေကြောင့် ပျက်စီးမှုကို ကာကွယ်ရန်လိုအပ်ကြောင်း ဖော်ပြထားသည့်အတိုင်း ငလျင်နှင့်အတူ ရေပိုက်များ ကျိုးခြင်းကြောင့် ထပ်ဆင့်ပြဿနာများ ဖြစ်ပေါ်နိုင်သည်။

သယ်ယူပို့ဆောင်ရေးနှင့် ဈေးကွက်သို့ ရောက်ရှိမှုနှောင့်နှေးခြင်း

ငလျင်ကြောင့် လမ်းများ၊ တံတားများ ပျက်စီးပါက ငါးထုတ်ကုန်များ ဈေးကွက်သို့ အချိန်မီမရောက်ရှိနိုင်ဘဲ ပျက်စီးနိုင်သည်။ ထို့အပြင် ဆိပ်ကမ်းများ ပျက်စီးပါက နိုင်ငံတကာသို့ တင်ပို့မှုများနှောင့်နှေးနိုင်ပါသည်။

စီးပွားရေးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ရန် ကုန်ကျစရိတ်

ငလျင်ဒဏ်ကြောင့် စက်ရုံပျက်စီးခြင်း၊ ထုတ်လုပ်မှုရပ်ဆိုင်းခြင်းနှင့် ပြန်လည်ပြုပြင်ရသော ကုန်ကျစရိတ်များသည် စီးပွားရေးကို ပိုမိုဆိုးရွားစေသည်။

လုပ်သားများ၏ ဘေးအန္တရာယ်နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု

ငလျင်လှုပ်ပါက စက်ရုံအတွင်း လုပ်သားများ ဒဏ်ရာရခြင်း သို့မဟုတ် အသက်ဆုံးရှုံးနိုင်သည်။ ထို့အပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကြောင့် ထုတ်လုပ်မှုစွမ်းဆောင်ရည်ကျဆင်းနိုင်သည်။ ဥပမာအနေဖြင့် ငလျင်ကြောင့် လုပ်သားများထိခိုက်မှုနှင့် စက်ရုံလည်ပတ်မှုနှေးကွေးနိုင်ကြောင်း သိရပါသည်။

ကာကွယ်ရေးနည်းလမ်းများ

ငလျင်ဒဏ်ခံ အဆောက်အအုံဒီဇိုင်း။ ပြတ်ရွေ့ကြောများနှင့်ဝေးရာတွင် စက်ရုံထားရှိခြင်းနှင့် ငလျင်လှုပ်ခြင်းကို ခံနိုင်ရည်ရှိသော ပစ္စည်းများဖြင့် တည်ဆောက်ရပါမည်။

အရန်စွမ်းအင်စနစ်။ မီးစက်များ သို့မဟုတ် ဘက်ထရီသိုလှောင်မှုစနစ်များ တပ်ဆင်ထားခြင်းဖြင့် အအေးခန်းစနစ် မပျက်စီးစေရန် ကာကွယ်ရပါမည်။

လုပ်သားလေ့ကျင့်မှု။ ငလျင်ဘေးအတွက် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းစဉ်များကို ပုံမှန်လေ့ကျင့်ပေးရပါမည်။

အာမခံနှင့် ကြိုတင်ပြင်ဆင်မှု။ ရေပိုက်လိုင်းများကို ပုံမှန်စစ်ဆေးခြင်း၊ မှိုတက်ခြင်းကို ကာကွယ်ရန် စိုထိုင်းဆထိန်းစနစ်များ တပ်ဆင်ပေးရမည်။

ဤနည်းလမ်းများကို အသုံးပြုခြင်းဖြင့် ငလျင်ကြောင့် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

မြေငလျင်လှုပ်ခတ်မှု ဖြစ်စဉ်တွင် ငါးအအေးခန်း စက်ရုံ၊ ငါးကုန်ချောထုတ်လုပ်သည့် စက်ရုံများနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် ပြန်လည်ထူထောင်ရေး အစီအစဉ်ထားရှိရန် အရေးကြီးပါသည်။ ချောမွေ့သော ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို သေချာစေရန် ကူညီပေးနိုင်သည့် အဆင့်အချို့မှာ-

ပျက်စီးဆုံးရှုံးမှုကို အကဲဖြတ်ခြင်း။ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ ပထမအဆင့်မှာ ငလျင်ကြောင့်ပျက်စီးမှုအတိုင်းအတာကို အကဲဖြတ်ရန် ဖြစ်သည်။ ယင်းသည် အဆောက်အအုံများကို ပြုပြင်ရန်နှင့် ပြန်လည်ထူထောင်ရန် လိုအပ်သော အရင်းအမြစ်များကို ဆုံးဖြတ်ရန် ကူညီပေးပါမည်။

အရေးကြီးသော လုပ်ငန်းဆောင်တာများကို ဦးစားပေးလုပ်ဆောင်ပါ။ လိုအပ်သော အရေးကြီးသော လုပ်ငန်းဆောင်တာများကို ခွဲခြားသတ်မှတ်ပြီး ၎င်းတို့၏ ပြန်လည်ထူထောင်ရေးကို ဦးစားပေးလုပ်ဆောင်ပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် အရေးကြီးဆုံးလုပ်ဆောင်ချက်များကို တတ်နိုင်သမျှ လုပ်ငန်းလည်ပတ်ရန်အတွက် မြန်မြန်ပြန်လည်ရရှိစေရန် ကူညီပေးပါမည်။

ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရေးဆွဲပါ။ အဆောက်အအုံများကို ပြုပြင်ရန်နှင့် ပြန်လည်ရယူရန် လိုအပ်သည့်အဆင့်များကို အကြမ်းဖျင်း ဖော်ပြသည့် အသေးစိတ်ပြန်လည်ထူထောင်ရေး အစီအစဉ်ကိုရေးဆွဲပါ။ ဤအစီအစဉ်တွင် လိုအပ်သော အချိန်ဇယား၊ ဘတ်ဂျက်နှင့် အရင်းအမြစ်များ ပါဝင်သင့်ပါသည်။

ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းပါ။ ပြုပြင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ခွင့်ပြုမိန့်များနှင့် ခွင့်ပြုချက်များကိုရရှိကြောင်းသေချာစေရန် ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းရပါမည်။

အရည်အချင်းပြည့်မီသော ဝန်ထမ်းများကို ငှားရမ်းခြင်း။ ပြန်ပြင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အရည်အချင်းပြည့်မီသော ဝန်ထမ်းများကို ငှားရမ်းပါ။ ယင်းတွင် အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်သားများနှင့် အခြားအထူးပြုပုဂ္ဂိုလ်များ ပါဝင်နိုင်သည်။

တိုးတက်မှုကို စောင့်ကြည့်ပါ။ ပုံမှန်စောင့်ကြည့်ပါ။ အချိန်ဇယားနှင့် ဘတ်ဂျက်ကိုက်ညီကြောင်း သေချာစေရန် စနစ်တကျ စောင့်ကြည့်လေ့လာသင့်ပါသည်။

သက်ဆိုင်သူများနှင့် ဆက်သွယ်ပါ။ ပြန်လည်ထူထောင်ရေးအစီအစဉ်၏ တိုးတက်မှုနှင့် အချိန်ဇယား သို့မဟုတ် ဘတ်ဂျက်ဆိုင်ရာပြောင်းလဲမှု မှန်သမျှကို သက်ဆိုင်သူများထံ အသိပေးထားပါ။

ဤအဆင့်များကို လိုက်နာခြင်းဖြင့် ငါးလုပ်ငန်းစက်ရုံများ၊ ငါးမွေးမြူရေးလုပ်ငန်းသည် ငလျင်ဒဏ်မှ ပြန်လည်ကောင်းမွန်လာပြီး လုပ်ငန်းများ အမြန်ဆုံး ပြန်လည်စတင်နိုင်မည်ဖြစ်သည်။

ငလျင်လှုပ်ပြီးနောက် တွေ့ကြုံရသော ပျက်စီးဆုံးရှုံးမှုများကို အချိန်မီပြင်ဆင်နိုင်ရေးနှင့် ထပ်မံဖြစ်ပွားပါက ငလျင်ဒဏ်ခံနိုင်ရည်ရှိပြီး ဆုံးရှုံးမှုနည်းပါးစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ကျွမ်းကျင်ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ပြုပြင်သွားရပါမည်။ သဘာဝဘေးအန္တရာယ်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကြံ့ကြံ့ခံ တွန်းလှန်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကယားပြည်နယ် လွိုင်ကော်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်လှစ်

ကယား မေ ၁၀

ကယားပြည်နယ်ဥပဒေချုပ်ရုံးနှင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဦးစီးဌာနဝန်ထမ်းများ ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါပြည်နယ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဥပဒေချုပ် ဦးကြည်မြိုင်က အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ ဥပဒေရေးရာ စည်းမျဉ်း၊ စည်းကမ်းများကို ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဒီးဒီက ဦးစီးဌာန ဝန်ထမ်းများ အနေဖြင့် ဥပဒေဘာသာရပ်များကို မိမိတို့၏ လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်စေရန်အတွက် ကြိုးစားလေ့လာ မှတ်သားသင်ယူပြီး မိမိတို့၏ နိုင်ငံတော်အကျိုး၊ ဝန်ကြီးဌာန၊ ဦးစီးဌာနအကျိုးအတွက် ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဥပဒေအရာရှိ ဦးကျော်မင်းနိုင်က သင်တန်းတွင် ဥပဒေရေးဆွဲရေးအစီအစဉ်နှင့် အခြေခံသဘောတရားများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ ဆက်သွယ်ရေးဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် နည်းဥပဒေများစသည့် ဝန်ထမ်းတိုင်း သိသင့်သိထိုက်သည့် ကဏ္ဍအလိုက် ဥပဒေ/နည်းဥပဒေများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းသို့ ပြည်နယ်/ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆင့်ဆင့်မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၈၃ ဦး တက်ရောက်ကြပြီး သင်တန်းကို လေးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

ရွှေပြည်သာမြို့နယ်၌ ပလတ်စတစ်ညစ်ညမ်းမှုအသိပညာပေး

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး အသိပညာပေးခြင်းကို ယနေ့မွန်းတည့် ၁၂ နာရီက ရွှေပြည်သာမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရွှေရည်အောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးတို့က ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်သုံးစွဲမှု၊ ညစ်ညမ်းမှုအကြောင်း၊ ပလတ်စတစ်ကြောင့်ဖြစ်ပေါ်လာသောကမ္ဘာ့ပတ်ဝန်းကျင်ညစ်ညမ်းမှုအကြောင်း၊ မြေထု၊ ရေထုညစ်ညမ်းခြင်းများ၊ ရေလမ်းကြောင်းများပိတ်ဆို့ခြင်း၊ ရေအရည်အသွေးကျဆင်းခြင်းများ ဖြစ်ပေါ်မှုနှင့် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရမည့် နည်းလမ်းများကို ပြည်သူများသိရှိစေရန် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)

၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးနိုင်ရေး အစည်းအဝေးကျင်းပ

ပုသိမ် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲပေါင်း ၂၆ ဘဏ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီးဘဏ်ခွဲ ပုသိမ်မြို့၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မန်နေဂျာ ဦးဝင်းနိုင်က အချိန်စေ့ကြွေးဟောင်းပြေကျေစွာ ပေးဆပ်ပြီးသော မိုးစပါးစိုက်တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို မေလအတွင်း စတင်ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများ အနေဖြင့် ချေးငွေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ထားကြရန် မှာကြားသည်။

ဧရာဝတီ တိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးရာသီတွင် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ၁၁၄၀၈၁၇ ဧကအတွက် ငွေကျပ် ၁၇၁ ဘီလီယံ ထုတ်ချေးပေးနိုင်ရေး လျာထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး ဆွေးနွေး

ရန်ကုန် မေ ၁၀

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်တိုက်ဖျက်ရေး ဆွေးနွေးဟောပြောပွဲကို မေ ၇ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က မေးမြန်းဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြ၍ ဖြေကြားဆွေးနွေးသူအဖြစ် အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး)က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်တိုက်ဖျက်ရေးအတွက် ကောင်းကျိုးမပေး မူးယစ်ဆေးဆိုသည့် ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရန်ရှောင်ရန်များနှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးလျော့နည်းပပျောက်ရေး ဆောင်ရွက်ချက်များအကြောင်းကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ဥာဏ်လင်း

မှော်ဘီမြို့နယ်၌ နွေစပါးရိတ်သိမ်းမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

မှော်ဘီ မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးမှူး၏ကြီးကြပ်မှုဖြင့် မှော်ဘီမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုတို့ပူးပေါင်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားရှိသော နွေစပါးရိတ်သိမ်းမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မှော်ဘီမြို့နယ်တွင် သမဝါယမအသင်းစုမှရယူ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ စိမ်းလန်းစိုပြည် ညောင်ကုန်းမြေသမဝါယမအသင်းတွင် အသင်းသား ၁၅ ဦး စိုက်ဧက ၁၅၀ မှ အသင်းသား တောင်သူဒေါ်အေးအေးပိုင်၏ ရက် ၉၀ စပါးစိုက်ကွက်ကို ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးတင်း ၁၂၀ ထွက်ရှိခဲ့သည်။

အဆိုပါနွေစပါးရိတ်သိမ်းနေမှုကို သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေနွေအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

မြိတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုဟောပြောပွဲ ကျင်းပ

မြိတ် မေ ၁၀

ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသည့်ဟောပြောပွဲကို မေ ၉ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အစည်းအဝေးခန်းမ၌ "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ဆောင်ပုဒ်ဖြင့် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းက အမှာစကား ပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က ပလတ်စတစ်အသုံးပြုမှုအကြောင်း၊ ပလတ်စတစ်၏ ဆိုးကျိုးများ၊ လျော့ပါးစေရေးဆောင်ရွက်ရမည့် 5Rs နည်းစနစ်များအကြောင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူထုအားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချို က သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအကြောင်း ပြောကြားသည်။ ဟောပြောပွဲအပြီးတွင် ဟောပြောပွဲ တက်ရောက်လာကြသူများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေး၍ မြိတ်ကမ်းနားလမ်းတွင် ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး ပညာပေးအစီအစဉ်ဖြင့် စုပေါင်းအမှိုက်ကောက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၅-၂၀၂၅ တနင်္ဂနွေနေ့

MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီးဓမ္မဒေသနာ တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ 'မြတ်ဗုဒ္ဓ၏ဘဝပြဿနာအဖြေရှာ' တရားတော်
- ၀၈:၃၅ ကဆုန်လပြည့်ဗုဒ္ဓနေ့ပါဝင်နွှဲပျော်ညောင်ရေသွန်းပွဲတော်
- ၀၈:၄၅ ကဆုန်လတွဲတေးများ
- ၀၉:၁၀ နှစ်ဂုဏ်ပါသထသိလသံယုဆောက်တည်ခြင်း
- ၀၉:၂၀ မွေ့ပုဇာတေးအစီအစဉ်
- ၀၉:၄၀ ကာတွန်းအစီအစဉ် **'ချစ်စရာ သိုးမိသားစု'** (အပိုင်း-၁)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၂၀ 'သုတောင်းပဋ္ဌာန' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၅ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ 'ဘုရားရှင်မြတ်နိုးသောဒကာ၊ဒကာမ' တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ရွှေဝင်ရုပ်ရှင် **'နံ့သာနံ့တောင်'**
- ၁၆:၃၅ Sports Diary
- ၁၆:၄၅ အနိုင်းမဲ့သောမိခင်မေတ္တာ
- ၁၇:၀၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၀ သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ ကဆုန်လပြည့်ဗုဒ္ဓနေ့ တရားတော် 'သံဝေဂနိယလေးဌာန' (ဖွား၊ပွင့်၊ဟော၊စံ)
- ၁၈:၃၅ ကဆုန်လတွဲတေးများ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၃၀ သီတဂူဆရာတော်ကြီးဒေါက်တာ အရှင်ဉာဏိဿရ၏မွေ့သဘင်ပူဇော်ပွဲ ထုတ်လွှင့်မှုအစီအစဉ်

mitv

- 07:02 Evergreen Classic: Metta Inngyin Yagon
- 07:11 Smiling Buddha
- 07:39 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)
- 08:01 News
- 08:27 Faces Of ASEAN (Vietnam)
- 09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-4)
- 09:21 Rocket Firing Festival
- 09:46 Today Myanmar: Taking Men Out Of Dark To Light
- 10:01 News

Me

- ၀၆:၀၀ အဖွင့်၊ မွေ့ပုဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက(ကချင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တန်ဆောင်အဖြူနဲ့အမှန်'** (အပိုင်း-၁၆)
- ၀၇:၅၀ ဝေါ်ရီယိုတေးများ
- ၀၈:၁၅ ဇာတ်သဘင် **'ရွှေကုန်သည်ဇာတ်တော်'**
- ၀၉:၀၅ ချစ်စရာအရွယ်ကစားကြမယ် 'အလုပ်မှုလတန်ဖိုးကြောင်းနှင့် ကန်ရိုသာမှုလတန်ဖိုးကြောင်း'
- ၀၉:၃၅ မြန်မာရုပ်ရှင်(ဇာတ်ကောင်စုံ) **လာထားအာဘွား (၂)**
- ၁၈:၀၀ မန္တလေးလေ့ကြီး ဘောအကသင်ဒေသများ ပြန်လည်ထူထောင်ရေး 'ရန်ပုံငွေ ပဒေသာကပွဲ' တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့
- **ဝကေကကရင် (၀၈:၀၀ မှ ၀၉:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၆)
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ဗေလွန်ပြည်တော်မြန်ဘုရား
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** လည်ပတ်လေ့လာကြည့်ရှုချင်စရာစိမ်းမြိုနယ် သုံးဆည်းရာ
- **ချင်း(ဖလမ်း) (၁၁:၀၀ မှ ၁၂:၀၀)** နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ
- **ချင်း(အိုး) (၁၂:၀၀ မှ ၁၃:၀၀)** နှိုင်းယှဉ်သုံးမစကား(စကားပုံများ)
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ပင်လယ်ပျော်တို့နားခိုရာဆီ
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** မန္တလေးလေ့ကြီးဘောအကသင်ဒေသများ ပြန်လည်ထူထောင်ရေးရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ တိုက်ရိုက်မှုအစီအစဉ်
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** မန္တလေးလေ့ကြီးဘောအကသင်ဒေသများ ပြန်လည်ထူထောင်ရေးရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ တိုက်ရိုက်မှုအစီအစဉ်
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** မန္တလေးလေ့ကြီးဘောအကသင်ဒေသများ ပြန်လည်ထူထောင်ရေးရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ တိုက်ရိုက်မှုအစီအစဉ်

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ စုံစမ်းရှာဖွေရေးဟောင်းအမွေ
- ၂၃:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အဖော်အသင်း'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၆)
- ၂၀:၃၀ သီတဂူဆရာတော်ကြီးဒေါက်တာ အရှင်ဉာဏိဿရ၏မွေ့သဘင်ပူဇော်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

MRTV FARMERS HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ကဆုန်လပြည့်ဗုဒ္ဓနေ့ပါဝင်နွှဲပျော် ညောင်ရေသွန်းပွဲတော်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၂၀ Livestock on the Land
- ၁၀:၄၅ The Birth Of Sake
- ၂၀:၀၀ မကြေပါနဲ့သာကူရာ(ဇာတ်လမ်း) မန္တလေးလေ့ကြီး ဘောအကသင်ဒေသများပြန်လည်ထူထောင်ရေးရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေပဒေသာကပွဲ တိုက်ရိုက်ထုတ်လွှင့်မှုကိုညနေ(၆)နာရီမှစတင်၍ ထုတ်လွှင့်သွားပါမည်။

MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ မန္တလေးလေ့ကြီး ဘောအကသင်ဒေသများ ပြန်လည်ထူထောင်ရေးရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် မနက် (၉း၀၀)နာရီမှ ညနေ (၅)နာရီ (၆)ကြိမ်မှ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၀

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ၏ (၁၁၉) နှစ်မြောက် အသင်းနှစ်ပတ်လည် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ YMBA (ဗဟို) ရုံး သတိုးသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက အမှာစကား ပြောကြားပြီး YMBA အသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းက အသင်း၏ အမျိုး၊ ဘာသာ၊ သာသနာဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေ့ပရိသတ်များက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ အဂ္ဂမဟာမင်္ဂလဓမ္မ ဇောတိက ဓဇ ဒွိပိဋ္ဋကဓရ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှ အသင်းနှစ်ပတ်လည် ဩဝါဒကထာကို နာကြားကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) သို့ လှူဒါန်းသော အလှူငွေကျပ်သိန်း ၁၀၀ ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ကို ၁၉၀၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး အမျိုး ဘာသာ သာသနာပညာရပ်များ၏ အကျိုးစီးပွားအတွက် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

၁၀-၅-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ချောက်မြို့	၄၅.၃	၁၁၃.၅
၂။	ဇောင်းတူမြို့	၄၃.၁	၁၀၉.၆
၃။	မြင်းခြံမြို့	၄၃.၀	၁၀၉.၄
၄။	မကွေးမြို့	၄၂.၅	၁၀၈.၅
၅။	မြင်းမူမြို့	၄၂.၅	၁၀၈.၅
၆။	မုံရွာမြို့	၄၂.၀	၁၀၇.၆
၇။	ညောင်ဦးမြို့	၄၁.၂	၁၀၆.၂
၈။	မင်းဘူးမြို့	၄၁.၂	၁၀၆.၂
၉။	နေပြည်တော် (ဇေယျာသီရိမြို့နယ်)	၄၁.၀	၁၀၅.၈
၁၀။	ပခုက္ကူမြို့	၄၁.၀	၁၀၅.၈
၁၁။	ရွှေဘိုမြို့	၄၁.၀	၁၀၅.၈

မိုး/ဇလ

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချ မွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေ အရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေ အပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါးဖော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ငါးလုပ်ငန်းဦးစီးဌာန

လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပေါင်းစပ်ညှိနှိုင်း

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးရပ်ကွက်ရှိ မဟိယင်္ဂဏစေတီ၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍ ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အိမ်နမူနာပုံစံဆောက်လုပ်နေ

ထို့နောက် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ ဇေယျာရပ်ကွက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ်သိန်း ၆၁၇၆၅၀၀၀၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှု ဗဟိုဌာန (AHA Center) မှ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဘရူနိုင်းနိုင်ငံမှ တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ ထောက်ပံ့ပေးသောငွေကြေးများ၊ ထောက်ပံ့ပစ္စည်းများ၊ ရိက္ခာများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ ပြည်သူများလက်ဝယ်သို့အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို မဟိယင်္ဂဏစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာအုပ်စုအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၇၀၀ စာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့်ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

ထို့နောက် မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့အား ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုက လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တန်ဖိုးသင့်လူနေအိမ်နမူနာပုံစံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ နှင့် ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော လူနေအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ သောတပန်ရပ်ကွက်ရှိ ဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာတွင် ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ဘုံးအိုးကျေးရွာအုပ်စုအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကာ ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၇၀၀ စာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့်ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့်ပြည်သူများကိုယ်စား ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

စနစ်တကျမှတ်တမ်းပြုစု

ဆက်လက်၍ အဆိုပါကျေးရွာတွင် ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ယာယီဝတ်ပြုဆောင်နေရာသို့လည်းကောင်း၊ ငလျင်ဘေးသင့်ပြည်သူများအတွက် ရေရရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ သောက်သုံးရေဖူလုံစွာရရှိရေး စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးနှင့် ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အမြန်ဆုံးဆောင်ရွက်

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဆုတောင်းပြည့်မြတ်စွာဘုရား၊ အောင်မြေသာစံမြို့နယ်ရှိ ရာဒါကစ္စနာ ဟိန္ဒူဗုဒ္ဓဘာသာဘုရားကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ဝိပဿနာ သာသနာ့ရောင်ခြည်ဓမ္မရိပ်သာအတွင်းရှိ ငွေကမ္ဘာကျောင်းဆောင်၊ လေးကျွန်းမာန်အောင်စေတီ၊ ရန်ဘေးကင်းရှောင်မြတ်ထွဋ်ခေါင် စေတီ၊ ငါးပါးမာန်အောင်ထွဋ်ထိပ်ခေါင်စေတီ၊ ပြည်လုံးချမ်းသာရေကန်၊ အမှတ်(၃၉)၊ အမရပူရမြို့နယ်ရှိ ပွဲ့ပါမင်းကျောင်းတိုက်နေရာများရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ဆရာတော်ကြီးများအား အလှူငွေများပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများရှင်းလင်းစဉ် ပြန်လည်သိမ်းဆည်းတွေ့ရှိရသော ဌာပနာပစ္စည်းများအား စနစ်တကျထားရှိ ထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ် မိန်းတန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပြည်သူများ၏ လက်ဝယ်သို့ စနစ်တကျတိုက်ရိုက်ရောင်းချပေးနေသည်ဖြစ်ကာ ငလျင်ဒဏ်ကြောင့် အမှန်တကယ်လိုအပ်လျက်ရှိသော ပြည်သူများကိုသာ စနစ်တကျ စိစစ်၍ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများနှင့် လာရောက်ဝယ်ယူသည့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု ပလိပ်မြွေဘုရားဝင်းအတွင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် ဘုရားစေတီများနှင့် သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးနေသော

စာမျက်နှာ ၂၁ သို့

နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များရှိ ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် အခြေခံစားသောက်ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ၄၁ ရက်မြောက် လှည့်လည်ရောင်းချ

နေပြည်တော် မေ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း လျှော်ကန်သင့်ရာ ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၄၁ ရက်မြောက်နေ့ အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက် ရှိကြောင်း သိရသည်။

ယနေ့တွင် ဈေးကားရှစ်စီးဖြင့် နေပြည်တော်ကောင်စီဝင်းအတွင်းရှိ တိုင်းဒေသကြီး / ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာများ၊ ဇေယျာသီရိမြို့နယ် စုပေါင်းရုံး ဝန်ထမ်းအိမ်ရာများ၊ အပျိုဆောင်၊ လူပျိုဆောင်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဝန်ထမ်းအိမ်ရာများ၊ ပညာရေးတိုက်တန်းရှိ ဝန်ထမ်းအိမ်ရာများ၊ ကံ့ကော်အိမ်ရာနှင့် ခနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥပ္ပါတသန္တိဘုရားပရိဝုဏ်အတွင်းရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ– Export Quality) အိတ် ၇၀၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) အိတ် ၂၀၊ ဆီပိဿာ ၁၇၆၀၊ ဆား ၁၂ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ်ထုပ် ၅၀၊ ငါးပိ သုံးပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သား ၂၄ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သား အထုပ် ၂၀၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၂၅ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားအထုပ် ၂၀၊ ငါးရောင်ခြောက် ၁၀ ကျပ်သား ၁၀ ထုပ်၊ ကြက်ဥအလုံး ၆၀၀၊ ဘဲဥအလုံး ၁၀၀၊ ခေါက်ဆွဲခြောက် ၁၅ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှော်ကန်သင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် မေ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းမြို့၌ ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) လေးအိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား သုံးပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ကိုးဘူး၊ ငါးပိ တစ်ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သား တစ်ထုပ်၊ ပုစွန်ခြောက် ၃၀ ကျပ်သား၊ ကြက်ဥ ၆၃ လုံး၊ ဘဲဥ ၁၉ လုံး၊ ကြက်သွန်နီ ငါးပိဿာနှင့် အသားတု တစ်ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၇ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀၊ ဆား ၁ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ လေးထုပ်၊ ငါးပိ ၅၀ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား သုံးထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား သုံးထုပ်၊ ကြက်ဥအလုံး ၂၆၁၀၊ ဘဲဥအလုံး ၆၈၀ နှင့် ခေါက်ဆွဲခြောက် ၂၅ ထုပ်တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၂၀ မှ

အပျက်အစီးများအား အမြန်ဆုံးရှင်းလင်းဖယ်ရှားဆောင်ရွက်ရန်၊ ဘုရားစေတီများ ပြန်လည်ပြုပြင်တည်ထားပူဇော်နိုင်ရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ရန်၊ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရေးမူမပျက်ပြုပြင်နိုင်ရေးအတွက် အမျိုးသားယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ တင်ပြပြီးဆောင်ရွက်သွားရန်နှင့် ဘုရားဂေါပကအဖွဲ့များ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယာယီရုံးတည်ဆောက်နေ

ထို့နောက် စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular Container House များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ လျှော်ကန်ကြောင့် ပျက်စီး/ပျောက်ဆုံးခဲ့သော နိုင်ငံသားမှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနယာယီရုံးတည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

Modular Container House များ တပ်ဆင်

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် မြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ယာယီရုံးဖွင့်လှစ် ဆောင်ရွက်ရန်အတွက် Modular Container House များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

“အလင်္ကာမြစ်တို့၏ဆုံမှတ် ” စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၀

“အလင်္ကာမြစ်တို့၏ ဆုံမှတ်” စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုးက မှဒိတာစကား ပြောကြားပြီး “အလင်္ကာမြစ်တို့၏ ဆုံမှတ်” စာအုပ်မှ စာရေးသူတစ်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် “အလင်္ကာမြစ်တို့၏ ဆုံမှတ်” စာအုပ်ထုတ်ဝေသူ မိုးစောစာပေတိုက်မှ ထုတ်ဝေသူ မေပေရယ်မိုးက အမှတ်တရစကား ပြောကြားကာ တက်ရောက်ချီးမြှင့်ပေးကြသော စာရေးဆရာများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ “အလင်္ကာမြစ်တို့၏ ဆုံမှတ်” စာအုပ်တွင် ကြည်ကြည်မြင့်မြတ်၊ ငြိမ်းဆုသွယ် (မြေလတ်သူ)၊ တင့်တယ်ခင်၊ ခင်မိုးမြင့် (ဥပဒေ)၊ မလေးမွန် (ပညာရေး) အပါအဝင် စာရေးသူ ၁၄ ဦးတို့ ပါဝင်ရေးသားထားကြပြီး ယနေ့ “အလင်္ကာမြစ်တို့၏ ဆုံမှတ်” စာအုပ်မိတ်ဆက် ရောင်းချပွဲမှ ရရှိသောငွေများနှင့် စာအုပ်မိတ်ဆက်ပွဲသို့ တက်ရောက်လာသူများမှ လှူဒါန်းသောငွေများကို မန္တလေးလျှော်ဘေးသင့် ပြည်သူများကို လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကလောင်စုံရေးသားထားသည့် “အလင်္ကာမြစ်တို့၏ ဆုံမှတ်” ဝတ္ထုတိုများစာအုပ်ကို ကြည်ကြည်မြင့်မြတ်မှ စီစဉ်ပြီး မိုးစောစာပေတိုက်မှ ထုတ်ဝေဖြန့်ချိခြင်းဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ – သီဟ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

ဝမ်းတွင်းမြို့နယ် ကျေးရွာမီးလင်းရေးကော်မတီများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ဝမ်းတွင်း မေ ၁၀

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၏ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ် ဓာတ်အားခကြွေးကျန် မရှိစေရေး ဆောင်ရွက်ပေးခဲ့သော ကျေးရွာမီးလင်းရေး ကော်မတီများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဝေဟန်ကျော်က အမှာစကား ပြောကြားပြီး ဒုတိယ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသိန်းထူးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ချက်များကို လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့်အတူ ရှင်းလင်း ပြောကြားသည်။ ဆက်လက်ပြီး တာဝန်ရှိသူများက ကျေးရွာမီးလင်းရေး ကော်မတီများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဌာန logo တံဆိပ်ပါ တီရှပ်အင်္ကျီများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

နွေရာသီ အဆင့်မြင့်အားကစားသင်တန်းမှရရှိလာမည့် နည်းစနစ်များ၊ ကျွမ်းကျင်မှုများကို အခြေခံပြီး စဉ်ဆက်မပြတ်ကြိုးစားလေ့ကျင့်သင်ယူ

ပဲခူး မေ ၁၀

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း မိုးလုံလေလုံ အားကစားခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက နွေရာသီ အဆင့်မြင့်အားကစားသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီး လူငယ်စင်တာကို ဧပြီ ၂၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်၊ အနုပညာခန်း၊ ဂီတနှင့်ပန်းချီခန်း၊ သက်မွေးသင်တန်းခန်း၊ GYM အားကစားခန်းနှင့် ဘက်စုံသုံးခန်းမများ ပါဝင်ကြောင်း၊ လူငယ်များ၏ဘဝများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ကာလ အားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချဆောင်ရွက်တတ်စေရန် တစ်မျိုးသားလုံး လူထုလှုပ်ရှားမှု အသွင်သဏ္ဌာန်ဖြင့် နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ နွေရာသီအဆင့်မြင့် အားကစားသင်တန်းမှ ရရှိလာမည့် နည်းစနစ်များ၊ ကျွမ်းကျင်မှုများကို အခြေခံပြီး စဉ်ဆက်မပြတ်ကြိုးစားလေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နွေရာသီအဆင့်မြင့် အားကစားသင်တန်းတွင် သင်ကြားသွားမည့် အားကစားဘာသာရပ်များဖြစ်သည့် အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ကရာတေး နှင့် Fitness Dance အဖွဲ့လိုက် သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နွေရာသီအဆင့်မြင့် အားကစားသင်တန်းအတွက် သင်တန်းအထောက်အကူပြု အားကစားပစ္စည်းများနှင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်း၌ ဟော်ကီအားကစားနည်းတွင် သင်တန်းသား သင်တန်းသူ ၅၀၊ ဘောလုံးအားကစားနည်းတွင် သင်တန်းသား သင်တန်းသူ ၂၈၀၊ အေရိုးဗစ်နှင့် Fitness Dance အားကစားနည်းတွင် သင်တန်းသား သင်တန်းသူ ၁၀၀၊ ကရာတေး အားကစားနည်းတွင် သင်တန်းသား သင်တန်းသူ ၁၀၀၊ ဘတ်စကက်ဘောအားကစားနည်းတွင် သင်တန်းသား သင်တန်းသူ ၆၀၊ မြန်မာ့သိုင်းအားကစားနည်းတွင် သင်တန်းသား သင်တန်းသူ ၅၀၊ ဖူဆယ်အားကစားနည်းတွင် သင်တန်းသား ၃၀၊ တင်းနစ်အားကစားနည်းတွင် သင်တန်းသား သင်တန်းသူ ၃၀ နှင့် ကြက်တောင်အားကစားနည်းတွင် သင်တန်သား သင်တန်းသူ ၅၀ စုစုပေါင်း ၇၅၀ အား သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း၌ စောင်း၊ တယော၊ နှဲ၊ ပလွေ၊ စန္ဒရား၊ မယ်ဒလင်၊ မြန်မာဂီတာစသည့် နွေရာသီ အတီးဘာသာရပ်သင်တန်း ဖွင့်လှစ်ထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သီးနှံစိုက်ပျိုးရာတွင် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်သုံးစွဲပြီး စိုက်ပျိုးကြစေလို

ဆင်ပေါင်ဝဲ မေ ၁၀

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်)မှ ဆောင်ရွက်လျက်ရှိသော ညံတောအင်းကျေးရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိပြီး စိုက်ပျိုးရေပေးဝေ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများအား ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက စီမံကိန်းလုပ်ငန်းများ လည်ပတ်နေမှုအခြေအနေများနှင့် တောင်သူများအား စိုက်ပျိုးရေ ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ညံတောအင်းဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာအတွင်းရှိစိုက်ပျိုးထားသည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများအား စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားကာ ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညံတောအင်း ဆိုလာလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိစဉ် ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက အဆိုပါစီမံကိန်းမှ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မိမိတို့ဒေသအတွင်း သီးနှံများစိုက်ပျိုးရာတွင် တစ်နှစ်ကို သီးနှံသုံးသီး စိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ သီးနှံစိုက်ပျိုးရာတွင် ဒေသတွင်းလိုအပ်သော မျိုးကောင်းမျိုးသန့်များကို စနစ်တကျ ရွေးချယ်သုံးစွဲပြီး စိုက်ပျိုးကြစေလိုကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ဆေးခြင်ထောင်များ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆင်ပေါင်ဝဲမြို့နယ် ညံတောအင်းကျေးရွာရှိ မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးထားသည့် ကွင်းအမှတ် (၃၈၄)ရှိ တောင်သူ ဦးဝင်းညွန့်၏ လယ်ယာမြေဧက ၀ ဒသမ ၇၈ ဧကသို့ ရောက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက အဆိုပါ နွေစပါးပန်းတိုင် အထွက်နှုန်းထွက်ရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

မကွေးတိုင်းဒေသကြီး သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း၏ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် (ပထမနှစ်)သင်တန်းတက်ရောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

မကွေး မေ ၁၀

မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (မကွေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (ပထမနှစ်)သင်တန်း တက်ရောက်နိုင်ရေး အတွက် တိုင်းဒေသကြီးအတွင်း ရှိမြို့နယ်များသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (မကွေး)မှ ကျောင်းအုပ်ကြီး ဒေါ်စန္ဒာထွန်းနှင့် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်သော မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ မင်းဘူး၊ သရက်၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ နတ်မောက်၊ မြို့သစ်မြို့နယ်များသို့ သွားရောက်ကာ ကွင်းဆင်းအဖွဲ့ သုံးဖွဲ့ဖြင့် ဧပြီ ၂၈ ရက်မှ မေ ၆ ရက်အထိ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းဆိုင်ရာများကို အသိပညာပေး ရှင်းလင်းဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ကွင်းဆင်း ဆောင်ရွက်ကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

သာစည်မြို့နယ်၌ အလုပ်ခွင်ထိခိုက်မှုကြောင့် အကျိုးခံစားခွင့် ထုတ်ပေး

သာစည် မေ ၁၀

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင် မှတ်ပုံတင်ထားသောမဟာခေတ်အားလိုင်းမှုံးရုံးမှ အာမခံအလုပ်သမား အလုပ်ခွင်ထိခိုက်သေဆုံးသွားသည့်အတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို မေ ၉ ရက်က မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာ မကျန်းမာမှုအတွက် ဆေးကုသမှု ခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှု မီးဖွားမှုအတွက် ဆေးကုသမှုငွေကြေး အကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်၊ အာမခံအလုပ်သမား သေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုကြောင့်ယာယီမသန်စွမ်းမှု၊ အမြဲတမ်း မသန်စွမ်းမှုနှင့် ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့် စသည့်အာမခံ အလုပ်သမားများ ခံစားရမည့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး တာဝန်ခံအရာရှိနှင့် မြို့နယ်လူမှု ဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးထက်လွင်တို့က မဟာခေတ်အားလိုင်းမှုံးရုံးမှ အာမခံအလုပ်သမား ဦးပြည့်ဖြိုးအောင်၏ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုး ခံစားခွင့် ငွေကျပ် ၄၄၅၅၀၀၀ ကို စက်ရုံတာဝန်ရှိသူများနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး ဝန်ထမ်းများရှေ့တွင် သေဆုံးသူ၏ဇနီး ဒေါ်နွဲ့နွဲ့ဝင်းထံ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတစ်ဝန်း နေရာအနှံ့အပြား မိုးကြီးနိုင်သည့် သတိပေးချက် အမှတ်စဉ် (၄/၂၀၂၅) ထုတ်ပြန်

နေပြည်တော် မေ ၁၀

ယနေ့ ညနေ ၅ နာရီခွဲအချိန်တွင် မိုးကြီးမည့် သတိပေးချက်ကို ထုတ်ပြန်ထားသည်။

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

၁၁-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၁၅-၅-၂၀၂၅ ရက်နေ့မှ ၁၆-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၁၇-၅-၂၀၂၅ ရက်နေ့မှ ၁၈-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၂၀၂၅ ခုနှစ် မေလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ ၁၂ ရက်မှ ၁၄ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၁၅ ရက်မှ ၁၈ ရက်အတွင်း မြစ်ဝကျွန်းပေါ် ဒေသများသို့လည်းကောင်း၊ မေ ၁၉ ရက်မှ ၂၄ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် လေးပေမှ ခုနစ်ပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခန့်နှင့် မဒေါက်မြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် တစ်ပေခန့်နှင့် ပဲခူးမြို့တွင် နှစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

ပရီမီယာလိဂ်ပွဲစဉ် (၃၆)

ကာဆယ် - ချယ်ဆီး
မန်ယူ - ဝက်စ်ဟမ်း
နော်တင်ဟမ် - လက်စတာ
စပါး - ပဲလေ့စ်
လီဗာပူး - အာဆင်နယ်

၁၁-၅-၂၀၂၅

မေ ၁၁ ရက်ညပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၆) မှ ပွဲစဉ် ငါးပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းချင်းချင်းတွေ့ဆုံမှုအပြင် အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံနေပါတယ်။

ပြင်းထန်လာဦးမယ့် ကာဆယ်နဲ့ ချယ်ဆီးတို့ရဲ့ အားပြိုင်မှု

ကာဆယ် VS ချယ်ဆီး ညနေ ၅း၃၀

ခြေရည်တူနှစ်သင်းတွေ့ဆုံမှုအပြင် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ ဖိအားပေးကစားနိုင်တဲ့အသင်းထက် အခွင့်အရေးအသုံးချနိုင်တဲ့အသင်း နိုင်ပွဲရမယ်။

■ စောင့်ကြည့်ရမယ့် ကစားသမား
အီဆတ် (ကာဆယ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၉ ကြိမ်

■ စောင့်ကြည့်ရမယ့် ကစားသမား
ပဲလ်မာ (ချယ်ဆီး)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၃ ကြိမ်

မန်ယူ VS ဝက်စ်ဟမ်း ည ၇း၄၅

မန်ယူက ပရီမီယာလိဂ်မှာ ပုံမှန်ခြေစွမ်းပြသထားနိုင်ခြင်း မရှိဘူး။ အထူးသဖြင့် အသင်းတိုက်စစ်က သွင်းဂိုးရဖို့ အတော်လေး ရုန်းကန်ရလေ့ရှိတယ်။ ပြိုင်ဘက်ဝက်စ်ဟမ်းက နောက်ဆုံးငါးပွဲမှာ နိုင်ပွဲရရှိထားခြင်း မရှိဘူး။ ဝက်စ်ဟမ်းထက် မန်ယူ နိုင်ဖွယ်ရာရှိတယ်။

■ စောင့်ကြည့်ရမယ့် ကစားသမား
ဖာနန်ဒက်စ် (မန်ယူ)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၇ ကြိမ်

■ စောင့်ကြည့်ရမယ့် ကစားသမား
ဘိုဝင် (ဝက်စ်ဟမ်း)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၇ ကြိမ်

နော်တင်ဟမ် VS လက်စတာ ည ၇း၄၅

နော်တင်ဟမ်က ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေလို့ မဖြစ်မနေ နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ လက်စတာအသင်းက တန်းဆင်းသွားရပြီဖြစ်လို့ ဂုဏ်သိက္ခာအတွက်သာ ကစားလာဖို့ ရှိတယ်။ ဒါကြောင့် လက်စတာထက် နော်တင်ဟမ် နိုင်မယ်။

■ စောင့်ကြည့်ရမယ့် ကစားသမား
ခရစ်စ်ဝုဖ် (နော်တင်ဟမ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၂ ကြိမ်

■ စောင့်ကြည့်ရမယ့် ကစားသမား
ဗာဒီ (လက်စတာ)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၁ ကြိမ်

စပါး VS ပဲလေ့စ် ည ၇း၄၅

ပုံစံကောင်းရရှိနေတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။ ပဲလေ့စ်အသင်းထက် စပါးအသင်းက တိုက်စစ်ထက်မြက်မှုရှိတယ်။ စပါးက ဆွန်ဟောင်မင်၊ မက်ဒီဆင်တို့ ဒဏ်ရာကြောင့် ဒီပွဲစဉ်ကို ပါဝင်ဖို့ မသေချာဘူး။ ပဲလေ့စ်နိုင်မယ်။

■ စောင့်ကြည့်ရမယ့် ကစားသမား
ဂျွန်ဆင် (စပါး)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၄ ကြိမ်

■ စောင့်ကြည့်ရမယ့် ကစားသမား
မာတီတာ (ပဲလေ့စ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆ ကြိမ်

လီဗာပူး VS အာဆင်နယ် ည ၁၀း၀၀

ဂုဏ်သိက္ခာအရ နှစ်သင်းစလုံးအာရုံစိုက်ကစားလာမှာပါ။ အာဆင်နယ်ထက် လီဗာပူးက တိုက်စစ်ပိုင်း အတော်လေး ထက်မြက်မှုရှိတယ်။ ဒါပေမယ့် ဒီပွဲစဉ်မှာတော့ လီဗာပူးအသင်းထက် အာဆင်နယ်အသင်းကသာ နိုင်ပွဲရလဒ်ကို ဖော်ဆောင်သွားဖွယ်ရှိတယ်။

■ စောင့်ကြည့်ရမယ့် ကစားသမား
ဆာလာ (လီဗာပူး)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၄၆ ကြိမ်

■ စောင့်ကြည့်ရမယ့် ကစားသမား
ဆာကာ (အာဆင်နယ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆ ကြိမ်

ဘာစီလိုနာနဲ့တွေ့တိုင်း ရလဒ်ဆိုးရွားမှုကို ရီးရဲမက်ဒရစ်အသင်း ချေဖျက်သွားနိုင်မလား...

ဘာစီလိုနာ VS ရီးရဲမက်ဒရစ် ည ၈း၄၅

လာလီဂါထိပ်တန်းအသင်းနှစ်သင်းတွေ့ဆုံမှု ဖြစ်တာကြောင့် မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဒီပွဲစဉ်က အမှတ်ပေးဖလားဆွတ်ခူးရေးအတွက် ဘာစီလိုနာအသင်းအတွက်ရော ရီးရဲမက်ဒရစ်အသင်းအတွက်ပါ အရေးပါနေတယ်။ ဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းနိုင်ခဲ့ရင် အမှတ်ပေးဖလားဆွတ်ခူးဖို့ အတော်လေး နီးစပ်သွားမှာဖြစ်တယ်။

ရီးရဲမက်ဒရစ်အသင်း နိုင်ခဲ့ရင် နောက်ဆုံးပွဲစဉ်အထိစောင့်ကြည့်သွားရဖွယ်ရှိတယ်။ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ ယခုပွဲစဉ်မတိုင်ခင် ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံ လေးပွဲမှာ ဘာစီလိုနာအသင်းက လေးပွဲစလုံး နိုင်ပွဲရထားတယ်။ နှစ်သင်းစလုံးမှာ အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေ အများအပြားရှိလို့ ခြေစွမ်းသာတဲ့အသင်းထက် အခွင့်အရေးအသုံးချနိုင်တဲ့အသင်း နိုင်ပွဲရမယ်။

■ စောင့်ကြည့်ရမယ့် ကစားသမား
လီဝမ်ဒေါစကီး (ဘာစီလိုနာ)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၇ ကြိမ်

ဘာစီလိုနာနောက်ဆုံးလေးပွဲရလဒ်
ဘာစီလိုနာ ၃-၂ ရီးရဲမက်ဒရစ်
ဘာစီလိုနာ ၃-၃ အင်တာမီလန်
ဗယ်လာဒိုလစ် ၁-၂ ဘာစီလိုနာ
အင်တာမီလန် ၄-၃ ဘာစီလိုနာ

ရီးရဲမက်ဒရစ်နောက်ဆုံးလေးပွဲရလဒ်
ရီးရဲမက်ဒရစ် ၁-၀ ဘီလ်ဘာအို
ဂီတာဖေး ၀-၁ ရီးရဲမက်ဒရစ်
ဘာစီလိုနာ ၃-၂ ရီးရဲမက်ဒရစ်
ရီးရဲမက်ဒရစ် ၃-၂ ဆဲလ်တာဗီဂို

ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးလေးပွဲရလဒ်					
ဘာစီလိုနာ	၃	-	၂	ရီးရဲမက်ဒရစ်	ကိုပါဒယ်ရေး
ရီးရဲမက်ဒရစ်	၂	-	၅	ဘာစီလိုနာ	စူပါဖလား
ရီးရဲမက်ဒရစ်	၀	-	၄	ဘာစီလိုနာ	လာလီဂါ
ရီးရဲမက်ဒရစ်	၁	-	၂	ဘာစီလိုနာ	လာလီဂါ



■ စောင့်ကြည့်ရမယ့် ကစားသမား
အမ်ဘာပေ (ရီးရဲမက်ဒရစ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၇ ကြိမ်

ပြိုင်ဘက်ကို ရှုံးပြီး အီတလီအိုးပင်းမှ ဆွီယာတက်ခ် ထွက်ရပြီ

ကမ္ဘာ့အဆင့် (၂) နာမည်ကြီး
ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်။

အီတလီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦး အဆင့်တွင် ကမ္ဘာ့အဆင့် (၂) ရှိ ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်သည် ကမ္ဘာ့ (၂၉) ရှိ အမေရိကန်တင်းနစ်မယ် ကော်လင်းကို ၆-၁၊ ၇-၅ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ရပြီ ဖြစ်သည်။

ဆွီယာတက်ခ်သည် အဆိုပါပြိုင်ပွဲ ၆၄ ဦး အဆင့်တွင် အီတလီတင်းနစ်မယ် ကော့စီယာရက်တီနှင့် တွေ့ဆုံခဲ့ပြီး ၆-၁၊ ၆-၀ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ သို့သော်လည်း ၎င်းသည် ၃၂ ဦးအဆင့်တွင် ထိုကဲ့သို့ လက်စွမ်းပြသနိုင်ခြင်း မရှိဘဲ နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

ဆွီယာတက်ခ်သည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် မက်ဒရစ်အိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်ခဲ့သည်။

အီတလီအိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ဆွီယာတက်ခ်နှင့်အတူ အခြား နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ဂျေဘီယာ၊ ခရစ္စတီယန်၊ ကီးစ်တို့လည်း ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီ ဖြစ်သည်။

ချန်ပီယံရှစ် ရှုံးထွက် ပထမအကျော့တွင် ဆန်းဒါးလန်းက ကိုဗင်ထရီကို အနိုင်ရ

ချန်ပီယံရှစ်ရှုံးထွက်ပထမအကျော့အဖြစ် မေ ၁၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ကိုဗင်ထရီနှင့် ဆန်းဒါးလန်းအသင်းပွဲစဉ်တွင် ဆန်းဒါးလန်းအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ကိုဗင်ထရီအသင်းသည် ပွဲချိန်တစ်လျှောက်တွင် ပြိုင်ဘက်ဆန်းဒါးလန်းအသင်းကို တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့သော်လည်း တိုက်စစ်အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ဆန်းဒါးလန်းအသင်းက ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့သော်လည်း တန်ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးအဖြစ်ပြောင်းလဲပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ အဆိုပါ နှစ်သင်း၏ ဒုတိယအကျော့ပွဲစဉ်ကို လာမည့် မေ ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

နောက်ဆုံးရအားကစားသတင်းတိုများ

- မန်စီးတီးက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် လေဗာကူဆင် တိုက်စစ်ကစားသမား ဖလော်ရီယန် ဝစ်ဇ်သည် ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ရန် သဘောတူလိုက်ပြီ ဖြစ်သည်။
- အက်စ်တွန်ဗီလာတွင် အငှားကစားနေသော မန်ယူတိုက်စစ်ကစားသမား ရက်ဖို့သည် နွေရာသီတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေသည်။

■ မိုးဇက် - စုစည်းသည်

တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၁၀၀၁၆၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsu-bishi Fuso Truck သုံးစီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၁၀၀၁၆၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တရားမဝင် အခြားသစ် ၀ ဒသမ ၈၅၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၃၀၇) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၂၁၆၄၇၂)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

လယ်ဝေးမြို့နယ်၌ တရားမဝင်သစ်ခွဲစက်လုပ်ကိုင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၁၀

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ မေ ၈ ရက်က တရားမဝင် သစ်ခွဲစက်လုပ်ကိုင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် မွန်းလွဲ ၂ နာရီတွင် လယ်ဝေးမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အမှတ်(၅)ရပ်ကွက်၊ လယ်ကွင်းစပ်အနီးနေ ဦးမောင်ဇော်(ခ)ဦးစံပျော်၏ ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ တရားမဝင် ကျွန်းသစ်လုံးနှစ်လုံး ၀ ဒသမ ၁၅၆၀ တန်၊ ကျွန်းခွဲသား ၃၅၇ ချောင်း ၂ ဒသမ ၂၁၀၀ တန်၊ ကျွန်းပါကေး ၉၆၂၆ ချောင်း ၀ ဒသမ ၉၇၁၀ တန် စုစုပေါင်း ကာလတန်ဖိုး ၂၈၇၁၈၂၀ ကျပ်ခန့်၊ ပိတောက်ခွဲသား ၂၉ ချောင်း ၀ ဒသမ ၂၆၁၂ တန် ကာလတန်ဖိုး ၂၂၉၈၅၆ ကျပ်ခန့်၊ သင်းဝင်ခွဲသား ၇ ချောင်း ၀ ဒသမ ၅၈၇၆ တန် ကာလတန်ဖိုး ၁၄၁၀၂၄ ကျပ်ခန့်၊ နဘဲခွဲသား ၁၆၃ ချောင်း ၂ ဒသမ ၉၁၅၈ တန် ကာလတန်ဖိုး ၃၉၆၅၄၉ ကျပ်ခန့် စုစုပေါင်း ကာလတန်ဖိုး ၃၆၃၉၂၄၉ ကျပ်ခန့်၊ 10 HP Moter တစ်လုံး၊ 1.5 HP Moter ၁၂ လက်မ လွှဝိုင်းပါ

ရွှေဘော်စက် တစ်လုံး၊ သံဖရိန် လွှချာထိုးစက်တစ်လုံး၊ 5 HP Moter တပ်ဆင်ထားသော ရှစ်လက်မ လွှဝိုင်းစက်တစ်လုံးတို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မောင်ဇော်(ခ) စံပျော်(၄၉) နှစ်အား လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ညောင်ဦးမြို့နယ်၌ ရေနံစိမ်းများ သယ်ဆောင်လာသူ အမျိုးသားသုံးဦးအား ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ယမန်နေ့က ရေနံစိမ်းများ သယ်ဆောင်လာသူ

အမျိုးသားသုံးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် ညောင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ဦးမြို့နယ် ချောက်ဘုရားလှဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း ထန်းခြောက်ပင်ကျေးရွာဘက်မှ လက်ထုပ်ကျေးရွာဘက်သို့ တောင်ဘီကျေးရွာနေ မင်းသူ(၃၁)နှစ် မောင်းနှင်ပြီး ချောင်းရှည်ကျေးရွာနေ အောင်ဇော်မျိုး (၂၃) နှစ် လိုက်ပါလာသည့် စက်လှေအား မသင်္ကာသဖြင့်စစ်ဆေးရာ ရေနံစိမ်းပီပါ အလုံး ၅၀၊ ဂါလန် ၂၀၀၀ ခန့် (တန်ဖိုးငွေကျပ်သိန်း ၂၅၀ ခန့်) နှင့် ပီပါခွံငါးလုံးတို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စစ်မေးရာ ပုဂံမြို့သစ်၊ ရတနာသိဃ်ရပ်ကွက်နေ ချစ်သဲမောင် (၃၆) နှစ် ပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် မင်းသူ၊ အောင်ဇော်မျိုးနှင့် ချစ်သဲမောင်တို့ သုံးဦးအား ညောင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ကွမ်းခြံကုန်းမြို့နယ်၌ ဖဲရိုက်လောင်းကစားပြုလုပ်သူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးအား ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ယမန်နေ့က ကွမ်းခြံကုန်းမြို့နယ် မေတ္တာကျေးရွာနေ ငပြည့် (၂၆) နှစ်၏ နေအိမ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကွမ်းခြံကုန်း မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ အဆိုပါနေအိမ်အပေါ်ထပ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေသည့် ငပြည့်ပါ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ဖဲရိုက်လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေး ငွေကျပ် ၄၄၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ငပြည့်ပါ ငါးဦးအား ကွမ်းခြံကုန်း မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Lwin Lwin Moe Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အုံးနဲ့ချောင်းကျေးရွာနေ လွင်မျိုးဦးအား နံနက် ၁၁ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် စက်မှုဇုန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ည ၉နာရီခွဲတွင် ကလေးမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု နန့်ပန်တက်ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ နေထူးအောင် အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀) ကိုလည်းကောင်း၊ မေ ၉ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် မြင့်မြတ်အောင်(ခ)ဆံရှည် မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၈ သိန်း) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - (၁၅ - ၅ -၂၀၂၅) ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၁၃- ၆ -၂၀၂၅) ရက်၊ ညနေ (၄:၀၀) နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့
ဖုန်း - ၀၉ - ၉၆၂၀၅၈၄၄၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေရေိယာ ဝ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၁၉၈၆အေ)ကို အမည်ပေါက် ဦးကောင်းမြတ်ထွန်း (ဘ)ဦးတင်လှ ၁၀/ကထန(နိုင်)၀၆၃၄၈၁ မှ ဦးဇော်မင်းထွေး (ဘ)ဦးကိုကိုလေး ၉/အမရ(နိုင်)၀၉၇၈၅၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 18U/3737, TVS KING 200, T/W အား သံတွဲမြို့၊ ဒွါရာဝတီမြို့သစ် ရပ်ကွက်နေ ဒေါ်နီနီမာ ၁၁/သတန(နိုင်)၀၈၆၇၈၇က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (စစ်တွေ)

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/29762, Honda Click 125, M/C အား စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ ဦးသန်းထွန်းနိုင် ၁၁/စတန(နိုင်)၀၆၃၁၇၇က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (စစ်တွေ)

မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၀၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မည်သည့်မော်တော်ယာဉ်မဆို နေဝင်ပြီးအချိန်မှ နေမထွက်မီ အချိန်ထိတွင်လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင် နည်းနေသည့် နေ့အချိန်တွင်လည်းကောင်း အလင်းရောင် ရရှိစေရန်အတွက် မီးဖွင့်၍ မောင်းနှင်ရမည်။

(ခ) မော်တော်ယာဉ် ရှေ့မီးကြီးများကို မျက်နှာချင်းဆိုင်လာသူများ မျက်စိမစူးစေရန် အောက်စိုက်၍ အသုံးပြုရမည်။ အကယ်၍မျက်နှာချင်းဆိုင်မော်တော်ယာဉ်မီးကြောင့် မျက်စိစူးပါက မိမိမော်တော်ယာဉ်၏ အမြန်နှုန်းကို လျှော့မောင်းရမည် သို့မဟုတ် ခေတ္တရပ်ပေးရမည်။ အခြားမော်တော်ယာဉ် နောက်မှလိုက်၍ မောင်းနှင်နေပါက မိမိမော်တော်ယာဉ်၏ ရှေ့မီးကြီးများကို အောက်စိုက်၍ မောင်းနှင်ရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနား ဖိတ်ကြားလွှာ

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါ၍ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို **၂၀၂၅ ခုနှစ် မေလ ၁၈ ရက် (တနင်္ဂနွေနေ့) ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်၊ နံနက် (၀၇:၃၀) အချိန်**တွင် ရွှေတိဂုံစေတီတော် ရင်ပြင်မြောက်ဘက် ရာဟုထောင့် **အောင်မြေနေရာရှိ မင်္ဂလာမဏ္ဍပ်**၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာစိုး ၉/တကန(နိုင်)၂၀၅၃၁၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လှရီ ၁၁/မအန(နိုင်)၀၄၂၃၇၆ သည် နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ် စရန်ငွေပေးချေခြင်း ကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲအောင်နိုင်ထူး	**ဒေါ်ဖြိုးပိုပို**
LL.B (စဉ်-၁၈၈၀၃)	LL.B (စဉ်-၅၄၁၆၈)
WIPO (Switzerland)	WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

ဖုန်း-၀၉-၇၉၁၆၈၆၃၃၄၊ ၀၉-၄၅၀၀၄၅၁၈၇

ရခိုင်ပြည်နယ်အစိုးရအဖွဲ့
(လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန)
ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
(မြို့ဝင်မုခ်ဦးဒီဇိုင်းပြိုင်ပွဲဖိတ်ခေါ်ခြင်း)

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့အဝင် မုခ်ဦးအား အသစ်တည်ဆောက်နိုင်ရန်အတွက် ဒီဇိုင်းပြိုင်ပွဲအား အောက်ဖော်ပြပါအခြေခံစည်းကမ်းချက်များနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) ခေတ်နှင့်လျော်ညီပြီး ရခိုင်အငွေ့အသက်ပါဝင်သည့် ပြည်နယ်ဂုဏ်ဆောင်နိုင်သောဒီဇိုင်း Drawing ဖြစ်ရမည်။ (ဒေသအထိမ်းအမှတ်၊ ရခိုင်နောက်ခံသမိုင်းနှင့် ဆက်စပ်သည်များ ထည့်သွင်းရေးဆွဲနိုင်သည်။)

(ခ) မုန်တိုင်းဒဏ်၊ မြေငလျင်ဒဏ်နှင့် သဘာဝဘေးဒဏ်များကို ခံနိုင်ရည်ရှိသော Structure, Design Drawing ဖြစ်ရမည်။

(ဂ) Clear Span (၆၀ပေ) အကျယ်၊ (၁၈) အမြင့် ရှိရမည်။

(ဃ) မြို့ဝင်မုခ်ဦးနှင့် လိုက်လျောညီထွေသော မြေယာအလှရှုခင်း Landscaping ဒီဇိုင်းပုံစံ ထည့်သွင်းရေးဆွဲရမည်။

၂။ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ စစ်တွေမြို့သို့ ကြော်ငြာသည့်ရက်မှစ၍ (၁၀-၆-၂၀၂၅)ရက်၊ ညနေ (၁၆:၀၀) နာရီ နောက်ဆုံးထားပြီး တင်သွင်းရမည်ဖြစ်သည်။

၃။ ရွေးချယ်ခံရသော ဒီဇိုင်းအား ဆုကြေးငွေများ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၉-၂၅၄၅၀၈၈၄၃၊ ၀၉-၄၂၉၆၄၀၇၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ အမှတ်(၅၃)နေ ဦးစိုင်းဟုပ်ဆိုင်ဟတ် ၁၃/မနန(နိုင်)၀၂၁၆၄၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

(Genius) အမည်ဖြင့် တည်ထောင်ထားသော ဂျပန်ဘာသာစကားသင်တန်းကျောင်းကို ကျွန်ုပ်၏မိတ်ဆွေက ၂၀၂၂ ခုနှစ်ကတည်းက ကောင်းသော ဂုဏ်သတင်းဖြင့် တရားဝင်အခွန်ဆောင်၍ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် သင်တန်းကျောင်းဖြစ်ပါသည်။ သင်တန်းကျောင်းကိုလည်း ကျွန်ုပ်၏မိတ်ဆွေမှ သင်တန်းလာအပ်သူများအပေါ်တွင်လည်း သင်တန်းစည်းကမ်းချက်များနှင့်အညီ သင်ကြားပို့ချပေးခြင်းဖြစ်ပါသည်။ ယခုအချိန်အထိလည်း နာမည်ပျက်တစ်စုံတစ်ရာမရှိခဲ့ပါ။ ယခုအခါကျွန်ုပ်မိတ်ဆွေ၏ (Genius) ဂျပန်ဘာသာစကားသင်တန်း အမည်ဖြင့် လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Facebook, Massager, Viber, Telegram, Titop, Instegram, Anonimous, WhatsApp စသဖြင့် Online Social Media တို့ဖြင့် ကျွန်ုပ်မိတ်ဆွေ၏(Genius) ဂျပန်ဘာသာစကားသင်တန်းကျောင်း၏ ပုံရိပ်ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ ပျက်ပြားထိခိုက်အောင် ရေးသားဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ပြစ်မှုကြောင်းသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း၊ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သန္တာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၇)
အမှတ်(၁၂၀)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ဇ/၁၄ ရပ်ကွက်၊ မိုးမခလမ်း၊ မြေကွက်အမှတ် ၂၆၁/ခ၊ ဦးသိန်းငွေးအမည်ပေါက် ပါမစ်ထွက်ရှိထားသော အကျယ်အဝန်း(၂၀ပေx၆၀ပေ) မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း(၁၀ပေx၆၀ပေ)မြေကွက်နှင့် နေအိမ်အပါအဝင် ရေမီတာ၊ လျှပ်စစ်မီတာများနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှန်ကန်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဦးပြည့်ဖြိုးဝေ ၁၁/မဥန(နိုင်)၀၈၇၈၆၃ က ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းမြင့် ၁၂/ရပသ(နိုင်)၀၂၆၁၁၆ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်စိုး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၄၆)
အမှတ်-၂၁၆(ခ)၊ မန္တလေးလမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်
ဖုန်း-၀၉-၄၅၆၂၂၂၁၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၇၇၉၂ Honda 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြတ်အောင် ၆/ထဝန(နိုင်)၀၀၁၈၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/67003 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လတ် ၁၄/ညတန(နိုင်)၁၇၂၅၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်

ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Sixf Crop Protection Co., Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ဆေးပစ္စည်းကို Myanmar Max Agro Service Co., Ltd မှ Shwe Taung International Trading Co., Ltd သို့ဖြန့်ဖြူးသူပြောင်းလဲ၍တင်သွင်းဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါသည်-

စဉ်	မူလဖြန့်ဖြူးသူအမည်	ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်းအမျိုးအစား	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်	ပြောင်းလဲလိုသည့်ဖြန့်ဖြူးသူအမည်
၁။	Myanmar Max Agro Service Co., Ltd	Dingna	Emamectin Benzoate 5.7% EC	Provisional	P2022–5505	Shwe Taung International Trading Co., Ltd

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ၊ သီးနှံကာကွယ်ရေးဌာနခွဲ ၊ အနောက်ကြို့ကုန်း ၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ Shwe Taung International Trading Co., Ltd (လိပ်စာ – ရန်ကုန်-မန္တလေးလမ်း ၊ ကျွဲဆည်ကန် ကားကြီးကွင်းအတွင်း ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ မန္တလေး ၊ မြန်မာ။ ဖုန်း – ၀၉-၄၀၃၇၂၃၈၅၄)

ပတ်စ်ပို့ပျောက်

(ဦးအန်ထော်နီ)၏သမီး ဒေါ်လော်ရင့် ၁၂/ဒဂတ(နိုင်)၀၁၇၆၆၂ ၏ နိုင်ငံကူးလက်မှတ် (MB–478631) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၈၈၁၄၃၅၂၇၄

ဝေဘာဂီလမ်းမကြီးပေါ် နေရာကောင်းရောင်းမည်

သုခမ္မာလမ်း၊ဖကြေ့မီးပွိုင့်၊အောင်မင်္ဂလာအဝေးပြေးဂိတ်တို့အနီး စီးပွားရေးလုပ်ရန်နေရာကောင်း။မြောက်ဥက္ကလာ(၄)ရပ်ကွက်။ ၄ ထပ်တိုက်သစ်။ ၂၀ ပေ x ၆၀ ပေ။ မြေပိုပါ။ ဂရံအမည်ပေါက်။ 2MB။ 1SB။

သိန်း၁၁၂၀၀(ညှိနှိုင်း) 09–43021001

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/7127 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ကြောင်း ကြေညာစာ

ဟင်္သာတမြို့နယ်၊ ရွာသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄၃၃ က)၊ အုန်းကုန်း (က)ကွင်း၊ ဦးပိုင်အမှတ် (၃၉၆ ဃ) ဧရိယာ (၀ ဒသမ ၃၃) ဧက အနက် မှ ဧရိယာ (၀ ဒသမ ၀၅) ဧက ရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် – ဟင်္သာတ–ကျုံပျော် ကားလမ်း
(ခ) အနောက်လားသော် – ဦးပိုင်အမှတ် (၃၉၆ ဃ) ကျန်မြေ
(ဂ) တောင်လားသော် – ဦးပိုင်အမှတ် (၃၉၆ ခ)
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ် (၃၉၆ ဃ) ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးခင်မောင်သန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၃၀-၅-၂၀၂၅ ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာ လိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟင်္သာတမြို့**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/9066 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အင်းစိန်

မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကြိုးကြာအခြေခံပညာအလယ်တန်းကျောင်း Grade–9မှ မောင်ဇော်ထွေး၏ မိဘအမည်မှန်မှာ ဦးခင်မောင်မြင့် ၅/ကဘလ(နိုင်)၀၆၀၁၄၈နှင့်ဒေါ်ခင်စန်းဌေး၅ /တဆန(နိုင်)၀၇၅၂၉ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ သုဓာရပ်နေ (2024–2025)ပညာသင်နှစ်တွင် အထက(၄) သတ္တမတန်း (G–7)အောင်မြင်သူ မောင်မြင့်မြတ်စံ၏ ဖခင် ဦးမင်းမင်းစိုးနှင့် ဦးအောင်စိုးမင်း ၅/ဒပယ(နိုင်)၀၈၅၅၇၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

အလိမ္မာ စာမှာရှိ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ ဆရာစံလမ်း၊ မြေကွက်အမှတ် (၁၄၆)၊ အကျယ်အဝန်း (၄၂ပေ × ၆၀ပေ)ရှိ ဒေါ်ယဉ်ယဉ်ဌေး (၇/တငန (နိုင်) ၁၁၅၀၄၀) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မီမီခင်အောင် (၁၂/သဃက (နိုင်) ၁၆၇၅၈၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဒေါ်လင်းလင်းထက်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/တိုးချဲ့)၊ ငါးမာန်အောင်ဘုရားလမ်း၊ မြေကွက်အမှတ် (၃၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်သီတာလွင် (၁၂/လမတ (နိုင်) ၀၃၀၅၅၃) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သီတာလွင် ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဒေါ်လင်းလင်းထက်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ချင်းပြည်နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဟားခါးနှင့် တီးတိန်မြို့နယ်များတွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်**	– (၁၂-၅-၂၀၂၅)ရက်၊ (တနင်္လာနေ့)
(ခ)	**တင်ဒါလျှောက်လွှာ ရောင်းချမှု ပိတ်သိမ်းမည့်ရက်**	– (၂၆-၅-၂၀၂၅)ရက်၊ (တနင်္လာနေ့)
(ဂ)	**တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်**	– (၂၆-၅-၂၀၂၅)ရက်၊ (တနင်္လာနေ့)
(ဃ)	**တင်ဒါအကြို ရှင်းလင်းမည့်ရက်**	– (၂၁-၅-၂၀၂၅)ရက်၊ (ဗုဒ္ဓဟူးနေ့)
(င)	**တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်နှင့်နေရာ**	– ထပ်မံအသိပေးပါမည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များအသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်(သို့) ရုံးချိန်အတွင်း ဖုန်း–၀၇၀–၂၂၅၅၀ နှင့် ၀၇၀–၂၁၆၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါလျှောက်လွှာများနှင့်စည်းကမ်းချက်များကို ချင်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အမျိုးသမီးနှင့်ကလေးဆေးရုံကြီး တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ တောင်ကြီးမြို့ (၂၀၂၅–၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	**စတင်ရောင်းချမည့် ရက်နှင့်အချိန်**	– ၁၂–၅–၂၀၂၅ ရက်၊ (တနင်္လာနေ့) နံနက် ၉နာရီမှ ညနေ ၄နာရီထိ
	တင်ဒါပိတ်ရက်	– ၂၆–၅–၂၀၂၅ ရက်၊ (တနင်္လာနေ့)၊ ညနေ ၄နာရီ

၃။ အသေးစိတ်သိရှိလိုပါက အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ တောင်ကြီးမြို့ ဖုန်း ၀၉–၅၂၂၈၂၇၀၊ ၀၉–၄၅၅၇၂၄၉၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကော်မတီ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ၂၀၂၅–၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်လိုအပ်သော Battery (With Acid)(9–Items)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား **(၂၉–၅–၂၀၂၅)ရက်၊ (၁၃:၀၀)နာရီ** နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန ၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gateအနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၁၃–၅–၂၀၂၅) ရက်မှစ၍ (၂၇–၅–၂၀၂၅) ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း–၀၁–၈၆၁၀၂၃၀နှင့် ၀၉–၂၅၀၂၈၄၁၂၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီကန်လမ်း၊ အမှတ်(၁၁၃)၊ မြေတိုင်း(၄၅-သမိုင်း)၊ မြေကွက်အမှတ် (၁/ခ-၃၁၆) ၊ဦးတင်အောင်ဝင်း အမည်ပေါက် အကျယ်အဝန်း(၀ ဒသမ ၀၄၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် အမည်ပေါက် ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတင်အောင်ဝင်း ၁၂/ဗတထ(နိုင်)၀၁၈၀၆၃ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဗိုလ်မင်းထွန်း က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင်အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးယဉ်ထွန်း(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၅၁)
ရုံးခန်း–အမှတ်(ဆ/၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၄၂၁၁၀၂၅၆၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အိမ်တော် B1 to B8 တွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်**	– ၁၀–၅–၂၀၂၅ ရက်(စနေနေ့) မှ ၂၃–၅–၂၀၂၅ရက်(သောကြာနေ့) (၁၆:၀၀) နာရီထိ
(ခ)	**တင်ဒါလျှောက်လွှာ တင်သွင်း ရမည့်နောက်ဆုံးရက်**	– ၂၄–၅–၂၀၂၅ ရက် (စနေနေ့) (၁၆:၀၀) နာရီထိ

၂။ တင်ဒါဖွင့်ရက်အား ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

အိမ်တော်များထိန်းသိမ်းရေးဌာန၊ အိမ်တော်များဌာနကြီး

ဖုန်း – ၀၆၇–၄၅၉၀၂၀၂/ ၀၉–၄၅၆၇၈၂၇၂၇

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/တပင်ရွှေထီးရပ်)၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်အေးထွန်း(ကိုယ်ပိုင်အမှတ်–၅၂၇၂၈၃)၊ ၁၂/အစန(နိုင်)၀၀၅၇၃၃ (ဘ)ဦးအာဝါး အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပစ(င)၂၈၁၀) အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ခင်ကြူကြူမြင့် ၁၂/အစန(နိုင်)၀၀၅၆၆၈ (ဘ)ဦးမောင်မောင်မြင့်မှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန် ဆိုချက်မူရင်း မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်အေးထွန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်း ကျေးရွာအုပ်စု၊ မြယာရိုးကျေးရွာ၊ ဦးဝင်းကြည် အမည်ပေါက် အကွက်အမှတ်(၁၃၉)၊ ကွက်သစ်(၂)၊ (၆)လမ်း မြေအကျယ်အဝန်း ပေ(၄၀x ၆၀) ရှိအိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးတင့်လွင် ၁၂/ဥကတ(နိုင်)၀၈၃၇၆၁ ၊ ဒေါ်ထားထားလွင် ၁၂/ဥကတ(နိုင်)၀၆၈၆၁၄တို့မှ မိမိတရားဝင်ဆက်စပ်စာချုပ်မူရင်းနှင့် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းတို့မှ လုံးဝကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းသဖြင့်ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းဝင်းလွင် ၁၂/သကတ(နိုင်)၀၃၆၆၁၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအိမ်နှင့်မြေ အရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ထိုက်ထိုက်လွင် (LL.B) အထက်တန်းရှေ့နေ (စဉ် – ၄၉၉၂၆)
ဖုန်း–၀၉–၂၅၂၃၉၀၇၇၅

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နိုင်နိုင်မော် ၈/မသန(နိုင်)၁၁၁၄၈၆ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ မာဃလမ်း၊ မြေကွက်အမှတ်(၉၀၆/က)ဟုခေါ်တွင်သော မြေအကျယ်ပေ (၂၀x၆၀)မြေကွက်နှင့်ပတ်သက်၍ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မြင့်မြင့်သန်း ၁၂/ဒဂတ(နိုင်) ၁၂၇၀၂၉ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးမြင့်အောင် (LL.B)
အထက်တန်းရှေ့နေ၊ စဉ်(၂၂၃၃၀)
အမှတ်(၁၄၁၃)၊ချင်းတွင်းလမ်း၊ (၁၀၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ –၇၉၃၉၆၃၆၈၁

Passportပျောက်ဆုံး

လှိုင်ကော်မြို့၊ ဈေးပိုင်းရပ် (ဘ)ဦးစိန်၏သား ဦးမင်းစိန် ၂/လကန(နိုင်)၀၄၅၄၁၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၆၉၁၀၉၈၂

CNGကတ်ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်တင်ဆွေဝင်း ၁၂/ရကန(နိုင်)၀၄၄၇၅၈ ၏ ပိုင်ဆိုင်သော AA/4085 မော်တော်ယာဉ်၏ CNG ကတ် အနီရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဒေါ်တင်ဆွေဝင်း**

ဖုန်း–၀၉–၅၁၁၅၆၈၂

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဝိုင်းစိန်၏သား ဦးဇင်ကိုဦး ၅/မကန(နိုင်)၀၇၃၈၅၉နှင့်ဦးဇင်ကိုဝင်း (ဒု–လ/ထ ဦးစီးမှူး) မြို့နယ်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကလေးမြို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဇင်ကိုဦး(ခ)ဦးဇင်ကိုဝင်း

အမည်ပြောင်း

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဝါးတီးကျေးရွာအုပ်စု၊ ခပေါင်းဝကျေးရွာနေ (ဘ)ဦးသန်းစိုး ၇/အတန(နိုင်)၀၉၀၈၄၈၏သမီး မကဲကဲပိုအား မချစ်ခွန်းရတီချို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မချစ်ခွန်းရတီချို

သင့်ကြောင့်မီးမလောင်ပါစေနှင့်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
ဘီးလင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက
ဘဒ္ဒန္တပညောဘာသ
သိက္ခာကာမ
သက်တော် (၉၇)နှစ်၊ ဝါတော် (၇၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဘီးလင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဝေဠုဝန်ဂိုဏ်းကြီး၏ ဩဝါဒါစရိယ၊ ရတ္တညူ သီလပေသလ သိက္ခာကာမ သက်တော်(၉၇) နှစ် ဝါတော်(၇၇)ဝါ ရှိ ဆရာတော်ကြီး "ဘဒ္ဒန္တပညောဘာသ"သည် ၁၃၈၇-ခုနှစ် ကဆုန်လဆန်း(၁၂)ရက် (၈-၅-၂၀၂၅) ရက် (ကြာသပတေးနေ့) ည(၈:၅၀)နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၈၇-ခုနှစ် ကဆုန်လပြည့်ကျော် (၃)ရက် (၁၄-၅-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် (၁၂) နာရီတွင် ဘီးလင်းပရိယတ္တိစာသင်တိုက်၌ အန္တိမစျာပနပူဇာအခမ်းအနား ဆင်ယင်ကျင်းပ၍ ရေဝေးသုသာန်သို့ ပင့်ဆောင်ကာ သင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါသဖြင့် သံဝေဂဓမ္မအသိဖြင့် ကြွရောက်၍ ပူဇော်နိုင်ကြရန် ရပ်ဝေးရပ်နီးမှ တပည့်သံဃာ ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/တိုးချဲ့)၊ ဆရာစံလမ်း၊ မြေကွက်အမှတ် (၂၉၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးမျိုးယဉ်ထွေး (ခ) ဦးယဉ်ထွေး (၇/ကတခ (နိုင်) ၀၃၄၂၇၅) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာလွင် (၁၂/လမတ (နိုင်) ၀၃၀၅၅၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဒေါ်လင်းလင်းထက်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/ဓ-တောင်) ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ မြေကွက်အမှတ်(၄၅၂)၊ အကျယ်အဝန်း(၂၄၃၀-စတုရန်းပေ)ရှိ ဦးတင်ဝင်း (၁၂/ဗဟန(နိုင်)၀၈၈၃၂၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက် ပိုင်ရှင် ဦးတင်ဝင်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဒေါ်လင်းလင်းထက်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊သန္တာလမ်း၊ကွင်းအမှတ်-(၃)၊ ဦးစပန်းခြံ ဦးပိုင်အမှတ်-(၆၃/၁)ရှိ မြေဧရိယာ(အလျား ၂၄ x အနံ ၆၇)ပေရှိ အိမ်နှင့်မြေ ရောင်းချခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါအိမ်နှင့်မြေသည်ဒေါ်နန်းစိန်အမည်ပေါက်မြေနှင့်အိမ်ဖြစ်၍ ၎င်းမှတရားဝင်ပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောကြားလာသဖြင့် ကျွန်ုပ်မိတ်ဆွေသူ ဦးဇော်မင်းထွန်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်ဦး (LL.B)
DL-101 WIPO (Switzerland) အထက်တန်းရှေ့နေ(စဉ် - ၅၄၀၇၀)
အမှတ်-(၇၉)၊ နတ်စင်လမ်း၊ (က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၁၅၆၆၉၂၆, ၀၉၉၅၆၅၄၂၃၂၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/89781, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှစိုး ၃/ဘအန(နိုင်)၁၁၆၂၅၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး
(ဘားအံ)

အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသီတာ ၁၂/ဒဂန(နိုင်)၀၁၄၀၀၃သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ဘောဂမြိုင်(၂)လမ်း၊ အမှတ်(၁၃၈၄/၁၃၈၅)၊ မြေတိုင်း ရပ်ကွက်-၄/၆၊ မြေကွက်အမှတ်(၁၄၃၂)ရှိ (၂၀x၅၀)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အခန်း(၉)ခန်းပါ (၃)ထပ်ဆောင်သည် ကျွန်ုပ်မိတ်ဆွေမှ (၁၀-၂-၂၀၂၃)ရက်မှ စတင်၍ ဝယ်ယူလက်ရှိထားသည်မှာ ယနေ့တိုင်ဖြစ်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက်ထံသို့ ရောင်းချခြင်း၊ ပေးကမ်းထားခြင်း၊ လွှဲပြောင်းထားခြင်းမရှိပါသဖြင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်မိတ်ဆွေ၏ အထက်ပါနေအိမ်နှင့်အဆောက်အအုံရှိ ပိုင်ရေးဆိုင်ခွင့်အား ထိပါးနှောင့်ယှက်၍ ရောင်းချရန်ဆောင်ရွက်ခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာဦး (LLB)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၃၃)
ဖုန်း-၀၉-၄၂၁၀၈၀၃၂၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/84923, Honda Scoopyi-110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးအောင် ၉/သစန(နိုင်)၂၀၁၁၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးအုန်းကျော် (G.T.I ဆရာကြီး-ငြိမ်း) အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ အိမ်အမှတ်(၇/၉/၃၈၃) နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်ဒါရီ) တို့၏သား၊ (ဦးကြွက်ဖြူ-ဒေါ်မြမေ)တို့၏သားသမက်၊ ဦးမြင့်သိန်း-ဒေါ်တင်ရီ၊ ဦးစောရွှေ-ဒေါ်တင်လေး၊ ဦးသောင်းစိန်-ဒေါ်ညွန့်ခင်၊ ဦးကိုကိုစိန်-ဒေါ်မြခင်၊ ဦးသန်းထွန်း-ဒေါ်ကြင်မြတို့၏ညီ/မောင်၊ ဦးကြည်မောင်-ဒေါ်မြင့်မြင့်ရီတို့၏အစ်ကို၊ ဦးရဲထွဋ်ကျော်-ဒေါ်ချိုချိုမာ၊ ဒေါ်ဥမ္မာကျော်၊ ဦးအောင်သူ-ဒေါ်သူဇာကျော်တို့၏မွေးသဖခင်၊မြေး(၅)ယောက်တို့၏အဘိုး၊ ဒေါ်ခင်ထွေးရီ၏ချစ်လှစွာသော ခင်ပွန်းသည် ၉-၅-၂၀၂၅ရက်(သောကြာနေ့)၊ နံနက်၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်ကို ၁၁-၅-၂၀၂၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူးပြီး ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းစသောဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် ၁၅-၅-၂၀၂၅ရက်(ကြာသပတေးနေ့) နံနက်တွင် ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ အိမ်အမှတ်(၇/၉/၃၈၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ ကျောက်ရေတွင်းကျေးရွာ၊ မြေကွက်အမှတ် ၁/၁၃၀၀-A၊ ပေ ၂၀ x ၆၀တွင် ဆောက်လုပ်ထားသည့်တိုက်၏ ပထမထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်အဆက်ဆက်နှင့် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ရင်ရင်မြင့် ၁၂/တမန(နိုင်)၀၉၀၇၀၅ ထံမှ ဒေါ်အေးအေးသန်း ၁၂/တမန(နိုင်)၀၇၃၃၁၂ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဟန် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၈၀၂)(၁၇-၁၂-၁၉၉၁)
အမှတ် (၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၂၅၀၀၃၃၄၉၀

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၆)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၈)၊ မြေကွက်အမှတ်(၆၂၅)၊ မြေဧရိယာ (၀.၁၈၄)ဧကရှိ မြေအား ဦးနိုင်ဝင်းမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ထ-၄၃)၊ ရာအိမ်စု(၁၆)ရပ်ကွက်၊ ရတနာ(၁)လမ်း၊ မြေကွက်အမှတ်(၁၄၂-ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ဦးအောင်မြင့်ထွေး အမည်ပေါက် မြေချပါမစ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအာကာရဲတင့်(၁၂/ဥကတ(နိုင်)၁၇၄၆၈၇)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ယွန်းပိုပိုဦး (၁၄/ရကန(နိုင်)၁၈၁၃၆၇)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ အဆက်အစပ် စာချုပ်မူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယွန်းပိုပိုဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်မျိုးထက် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၇၁၇၉)
ဒေါ်သီတာစန်းလွင် (ခ)သီတာစန်း (LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)
အမှတ်(၄)၊ မြေညီ၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်မြို့၊
Ph: 09-420040149 , 09- 43043205

အမည်ပြောင်း

ရှမ်းပြည်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နေ (ဘ) ဦးပိုင်သူကိုကို ၉/တတဥ(နိုင်)၁၁၁၆၆၇ ၏သား မောင်စွမ်းရည်ထက် အား မောင်စွမ်းထက်အောင် ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

မောင်စွမ်းထက်အောင်

ပြင်ဆင်ဖတ်ရှုပါရန်

၉-၅-၂၀၂၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂) ပါ ညောင်ဦးမြို့နယ် မြေစာရင်းဦးစီးဌာန ၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် **အနောက်လားသော်-ဦးပိုင်အမှတ် (၃၆)၊ (၄၈)၊ တောင်လားသော်-**လမ်း ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဖောခိပင်လမ်းနေ ဒေါ်ငွေအင်းသည် သားဖြစ်သူ မောင်ဝင်းဗိုလ်ဗိုလ် (၁၄/မမန(နိုင်)၁၅၇၈၆၈) အမည်ပေါက် ပိုင်ဆိုင်ထားသော SUZUKI SWIFT, 3R/2793 (Ygn-22) မော်တော်ယာဉ် နှင့်ပတ်သက်၍ မောင်ဝင်းဗိုလ်ဗိုလ် ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ သက်ဆိုင်ရာဌာနများ၌ တစ်စုံတစ်ရာလျှောက်ထားဆောင်ရွက်ခြင်း၊ အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူသဲမွန်(မဟာဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၈၂) (၁၇-၇-၂၀၁၈)
အမှတ် (၁၃၂)၊ ဗိုလ်ဗထူးလမ်း၊ (၆)ရပ်ကွက်၊ မြောင်းမြမြို့

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇
ကျောက်ဆည်ခရိုင်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၂၁

ကွယ်လွန်သူ ဦးထွန်းစိန်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အမှု

ဦးသန့်ဇင်ထွန်း — လျှောက်ထားသူ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာနေ လျှောက်ထားသူ ဦးသန့်ဇင်ထွန်းက ကွယ်လွန်သူ ဦးထွန်းစိန် ကျန်ရစ်ခဲ့သည့် ပစ္စည်းအပေါ်၌ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား စီမံခန့်ခွဲအမိန့်ချမှတ် ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇(၂) အရ လျှောက်ထားသည်ဖြစ်၍ ၂၀၂၅ ခုနှစ်၊ မေ လ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားပါသဖြင့် မည်သူမဆို အမှုတွင် အမှုလာဆိုင်ဆိုလိုပါက အထက်ပါ ချိန်းဆိုသောနေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ဆိုရန်နှင့် ယင်းသို့ ခွင့်ပြုမိန့်ထုတ်ပေးထားခြင်း မပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ နှင့် အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးသန့်ဇင်ထွန်း၏ လျှောက်လွှာအား ကြားနာ၍ စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ မေလ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သီတာထွန်း)
ခရိုင်တရားသူကြီး
ကျောက်ဆည်ခရိုင်တရားရုံး

အသိပေးကြေညာခြင်း

ဦးဝင်းအောင် (ဘ)ဦးထွန်းကြိုင်(၉/ပတခ(နိုင်)၀၃၈၇၁၃) လလ၅(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ဦးဝင်းအောင် (ဘ)ဦးထွန်းကြိုင်(၉/ပတခ(နိုင်)၀၃၈၇၁၃)၊ (လလ၅(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် ကျွန်တော် ဦးခင်မောင်သန်း(ခ)အာဘူးအာလောင် တို့သည် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်၊ အကွက်အမှတ် (H-၂၁၄/H- ၁၄)၊ ပေအကျယ်(၆၀x၄၀)မြေအကျယ်ရှိ မန္တလေးမြို့၊ (၅၆)လမ်း၊ 137(A)ဟုခေါ်တွင်သော မြေကွက်အား(၂၆-၂-၂၀၂၅)ရက် စရန်ပေးစာချုပ် (အရပ်ကတိစာချုပ်)များဖြင့် မြေကွက်အား ဦးဝင်းအောင်သည် စရန်ငွေတစ်စိတ်တစ်ဒေသအား ယင်းရက်တွင် စရန်ပေးအပ်ခဲ့ပြီး ကျန်ငွေအား (၂၆-၃-၂၀၂၅)ရက်တွင် အပြီးပေးချေရန်ကတိပြုခဲ့သော်လည်း ယနေ့ထိပေးချေခြင်း မရှိဘဲ ကျွန်တော်မှ မြေကွက်အပ်နှံရန် လက်ကျန်ငွေများရယူရန် မန္တလေးသို့ သွားရောက်ခဲ့ရာတွင် ဦးဝင်းအောင်မှ တွေ့ဆုံခြင်း၊ ဖုန်းကိုင်ခြင်းမရှိဘဲ တိမ်းရှောင်နေခဲ့ပါသည်။ နို့တစ်စာများ အကြိမ်ကြိမ်ပေးပို့ခဲ့သော်လည်း လက်ခံ၍ပြောကြားခြင်း မရှိဘဲ ရှောင်တိမ်းနေပါသည်။ သို့ပါသောကြောင့် ဦးဝင်းအောင်နှင့်ချုပ်ဆိုခဲ့သော စရန်ပေးစာချုပ်ပါစည်းကမ်းချက်များအား လိုက်နာခြင်းမရှိသည့်အတွက် ကာလစည်းကမ်းသတ်မှတ်ကျော်လွန်ပြီးဖြစ်၍ စောင့်ဆိုင်းရသောကာလမှာလည်း ကြာမြင့်ပြီးဖြစ်သောကြောင့် ယနေ့ကြော်ငြာသည့်ရက်တွင် ဦးဝင်းအောင်နှင့် ချုပ်ဆိုထားသော (၂၆-၂-၂၀၂၅)ရက် စရန်ပေးစာချုပ်မှာ ပျက်ပြယ်ပြီးဖြစ်၍ စရန်ငွေများအား ဆုံးရှုံးပြီဖြစ်ကြောင်း ဦးဝင်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်၏ နေအိမ်ခြံဝင်း၊ ပိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဖျက်ဆီးနှောင့်ယှက်ပါက ဦးဝင်းအောင်း အား ကျွန်တော်မှတည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားကြော်ငြာအပ်ပါသည်။

အသိပေးကြေညာသူ
(မြေကွက်ပိုင်ရှင်)
ဦးခင်မောင်သန်း(ခ)အာဘူးအာလောင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ (ဒလ)မြို့နယ်၊ မြို့မ(၁)ရပ်ကွက်၊ မြို့ပတ်(၆)လမ်း၊ မြေကွက်အမှတ် ၆/၁၆၄၀၊ ဧရိယာ ခန့်မှန်းခြေ ၂၅' x ၅၀' ခေါ်တွင်သော အိမ်ခြံမြေနှင့် မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စောသိင်္ဂီအောင် ၁၁/စတန(နိုင်) ၀၄၇၈၇၀နှင့် ဦးအောင်ဇော်ဟိန်း ၁၂/တမန(နိုင်)၁၁၉၃၀၆ တို့က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အိမ်ခြံမြေ မီတာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် အိမ်ခြံမြေ၊မီတာအား ဆက်လက်အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်စောသိင်္ဂီအောင်	ဦးအောင်ဇော်ဟိန်း
ဖုန်း-၀၉-၅၀၇၇၇၉၆၇	ဖုန်း-၀၉-၉၆၀၃၆၃၈၃၅

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အုန်နဲ့ကုန်းကျေးရွာ၊ ကွင်းအမှတ် (၁၀၃၄)၊ ကွင်းအမည်(အုန်နဲ့ကုန်းကွင်း)၊ ဦးပိုင်အမှတ်(၉၂/ဓ) အကျယ်အဝန်း (၄၅ပေ x ၁၁၀ပေ)၊ မြေအမျိုးအစား(လယ်ကျူး၊ ဧရိယာ(၀.၁၉)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချိုနွယ်မြင့်ထံမှ “နှစ်ဦးသဘောတူ ခြံမြေ အရောင်းအဝယ်ကတိစာချုပ်”ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်အောင် (၄/ပလဝ(နိုင်)၀၃၂၂၃၆) က မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေလင်းခိုင် (၁၂/ရပသ(နိုင်)၀၅၃၄၁၆) က အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၈၁)
အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၀၄၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက် အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ် ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **“ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...**

❖ **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် (၂) ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

ရမန်းချောင်းကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၇၇၁ ဧက ရှိသော နယ်မြေကို **“ရမန်းချောင်းကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၄/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း(၄)ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များအား

စာမျက်နှာ ၁၅ ကော်လံ ၁ ❖

တောင်ကြီးမြို့နယ် အေးသာယာ၌ ငွေကျပ် ၁၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၅၀ ဖမ်းဆီးရမိ

တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၁၀

တောင်ကြီးမြို့နယ် အေးသာယာတွင် ငွေကျပ် ၁၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၅၀ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် ည ၁၁ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက် (၁၁) နယ်မြေ (၇၆) ရှိ

စာမျက်နှာ ၁၅ ကော်လံ ၅ ◆

အေစီမီလန်က ဘိုလော့ဂ်နာကို အနိုင်ယူပြီး ဥရောပဝင်ခွင့်မျှော်လင့်ချက် ရှင်သန်လာ

အီတလီစီးရီးအေပွဲစဉ် (၃၆) အဖြစ် မေ ၁၀ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် အေစီမီလန်နှင့် ဘိုလော့ဂ်နာအသင်းပွဲစဉ်တွင် အေစီမီလန်အသင်းက အကြိတ်အနယ်ကစားကာ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဥရောပဝင်ခွင့်မျှော်လင့်ချက် ဆက်လက်ရှင်သန်လာခဲ့သည်။

ဥရောပဝင်ခွင့်အတွက် နိုင်ပွဲရရှိရေးအရေးပါသည့် ပွဲစဉ်ဖြစ်သည့်အလျောက် အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ○

အေစီမီလန်တိုက်စစ်ကစားသမား ဂျီမီနက်ဇ် ဘိုလော့ဂ်နာအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

ယနေ့ သတင်း အညွှန်း

မက္ကဆီကိုပင်လယ်ကွေ့ နာမည် ပြောင်းလဲမှုနှင့် ပတ်သက်ပြီး မက္ကဆီကိုက ဂူးဂဲလ်ကို တရားစွဲ

နိုင်ငံတကာသတင်း စာ ၁၄

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတား အမှတ် (၆၅) ပြုပြင်ပြီးစီး၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားများ ပြန်လည်ပြေးဆွဲပေးလျက်ရှိ

ပြည်တွင်းသတင်း စာ ၁၅